# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၈၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




မြန်မာ့အလင်း

## ပြည်ထောင်စုတစ်ဝန်းလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ မိမိတို့နိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိရာ ပြည်သူလူထု၏ လိုလားချက်ဖြစ်သကဲ့သို့ နိုင်ငံတော်က လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်မှ သွေဖည်မသွားဘဲ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာ ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မရိုးသားသည့်နည်းလမ်းများဖြင့် အနိုင်ရရှိရေးဆောင်ရွက်ခဲ့ခြင်းနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသော နိုင်ငံ၏အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်ကနိုင်ငံ့တာဝန်များကို ဝင်ရောက်ထိန်းသိမ်းထမ်းဆောင်ခဲ့ရသည်မှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ တပ်မတော်က ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကတာဝန်မှာ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်" ဖြစ်ပြီး ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ "ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရမည့်" လိုအပ်ချက်ပင်ဖြစ်သည်။ အဆိုပါ အချက်နှစ်ချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ထည့်သွင်းချမှတ်ကာ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ လက်ရှိလုံခြုံရေးအခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) ၌ အမှာစကား ပြောကြားရာတွင် " ယခုနှစ်အတွင်း ဇူလိုင် ၁၁ ရက်အထိ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ၄၈၉ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၈၂ ဦး ရှိခဲ့ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များ လျော့သွားသော်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အပြည့်အဝဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဆိုသည့်အချက်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း။" ထည့်သွင်းပြောကြားသွားခဲ့သည်။ အကြမ်းဖက်မှုဖြစ်စဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အဆိုးဆုံးဖြစ်နေပြီး ကျန်ဒေသများတွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တို့ ဖြစ်သည့်နေရာများ၌ ဖြစ်ပွားလျက်ရှိနေသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ရှိနေသည့်နေရာများသည် ဒီမိုကရေစီစနစ် မရှင်သန်နိုင်သော နေရာများပင်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပရာတွင် တတ်နိုင်သမျှ တစ်နိုင်ငံလုံးအကြားအလပ်မကျန် ကျင်းပနိုင်မှသာလျှင် ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီ၏ အနှစ်သာရများကို ရရှိခံစားနိုင်မည်ဖြစ်ရာ ယင်းသို့ကျင်းပနိုင်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ကင်းရှင်းရန်လိုအပ်သည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ လုံခြုံရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်ကကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် ၁၅ / ၂၀၂၃ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၁၅ /၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၅-၈-၂၀၂၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂) ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**(၁၅ - ၇ - ၂၀၂၃) ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၂၈) တွင်** မောင်သီလနှင့် မောင်ဝဏ္ဏတို့ သူငယ်ချင်းနှစ်ယောက်၏ မိတ်ဆွေကောင်းပီသမှုကြောင့် မျောက်ကြီးယူသွားသော ငွေထုပ်ကို ပြန်လည်ရရှိလိုက်ပုံအကြောင်း ရေးဖွဲ့ထားသည့် "မိတ်ကောင်းဆွေကောင်း" မျက်နှာဖုံးကာတွန်း၊ မြန်မာတို့၏ သမိုင်းတွင် မေ့မရနိုင်သော အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ပြထားသည့် "အာဇာနည်နေ့ ပေါ်ပေါက်လာပုံ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မေမေက ကျောင်းမုန့်ဖိုးမပေးသည့် အကြောင်းရင်းကို နားလည်သဘောပေါက်သွားသော ပုပုအကြောင်း ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် မေမေကျွေးတာပဲ စားတော့မယ်" နှစ်မျက်နှာကာတွန်း၊ ရန်သူ၊ မိတ်ဆွေမခြား အနစ်နာခံခြင်း၊ မေတ္တာထားခြင်းသည် နှစ်ဦးနှစ်ဖက်အတွက် ကောင်းကျိုးချမ်းသာများ တိုးပွားစေနိုင်ကြောင်း တင်ဆက်ထားသည့် "မေတ္တာစိတ်" ပုံပြင်ကဏ္ဍ၊ စာအုပ်စာပေများ ဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေကြောင်း သရုပ်ဖော်ထားသည့် "အာတူးရဲ့ စာအုပ်စာပေလှူမိတ်ဆွေ" တစ်မျက်နှာကာတွန်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် အသက်စွန့်သွားခဲ့ရသည့် အာဇာနည် ခေါင်းဆောင်ကြီးများကို သားတို့သမီးတို့အနေဖြင့် သတိတရရှိရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်)၏ "၁၉-ဇူလိုင်" ကဗျာကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲ ဆုချီးမြှင့်

**ပလက်ဝ ဇူလိုင် ၁၃**

(၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပလက်ဝမြို့ အ.ထ.က(၁) ၌ ကျင်းပသည်။



ဦးစွာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ယနေ့လူငယ်နောင်လူကြီး ဖြစ်ကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ပြည့်ဝကြစေရန်အတွက် မူးယစ်ဆေးဝါး အလွဲသုံးမှုရှောင်ရှားကြရန် ဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး ထွန်းထွန်းဝင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် စိတ်ကိုပြောင်းလဲစေသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ပလက်ဝမြို့ အ.ထ.က(၁)၊ (၂)၊ မြို့မမူလွန်ကျောင်း၊ အ.မ.က၊ ရွာမကျောင်းတို့မှ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လက်ပံတန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေး

**လက်ပံတန်း ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လက်ပံတန်း မြို့မဈေးရှေ့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများအား အသား၊ ငါးနှင့် စားသောက်ကုန်များကို ချိုသာသောဈေးနှုန်းဖြင့် နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် ငါး၊ ဆိတ်သား၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဆန်နှင့် ဆီများကို ကိုယ်တိုင် စိုက်ပျိုး မွေးမြူထုတ်လုပ်သူများက ချိုသာသောဈေးဖြင့် ရောင်းချပေးခြင်းဖြစ်သည်။

အဆိုပါ ရောင်းချပေးနေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

### ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပြီးနောက်ပိုင်းအရေးပေါ်သက်တမ်းကာလ ၆ လ တိုးပြီးသည့်အချိန်တွင် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ပြင်ဆင်ချမှတ်ဆောင်ရွက်ခဲ့ပြီး ၎င်းတို့သည် နိုင်ငံ၏အဓိကဆောင်ရွက်ရမည့်အရေးကြီးလုပ်ငန်းများ ဖြစ်ကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့မှအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်တွင် အရေးကြီးဆုံးအချက်မှာ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်ဟူသည့် အချက်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟူသည့် အချက်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံးအချက်ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထို့ပြင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် အပြစ်မဲ့ပြည်သူ၊ နိုင်ငံ့ဝန်ထမ်းနှင့် သာသနာ့နွယ်ဝင်များစွာ ထိခိုက်သေဆုံးမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အခြေအနေနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် အရေးပေါ်ကာလကို တိုးမြှင့်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဇူလိုင် ၁၁ ရက်အထိ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ၄၈၉ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၈၂ ဦးရှိခဲ့ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များ လျော့သွားသော်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ အပြည့်အဝဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဆိုသည့်အချက်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖက်မှုဖြစ်စဉ်များတွင် အဆိုးဆုံးမှာ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့ဖြစ်ကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးအတွက် ယခုထက် ပိုမိုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်အတွင်း၌လည်း ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်

- နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်
- ထိုကဲ့သို့ တီထွင်ကြံဆလုပ်ဆောင်ခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတဘဲ ကုန်ဈေးနှုန်းများ ကြီးမြင့်နေရခြင်းဖြစ်
- စားသုံးမှုနှင့် ထုတ်လုပ်မှုမျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်
- မွေးမြူရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပြီး အထွက်နှုန်းကောင်းအောင်ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်

သေဆုံးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း။

### မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှု

မေ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ငွေကျပ် ၅၂၂ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအနေဖြင့် ငွေကြေးများ သုံးစွဲရကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိုလည်း သတိထားဆောင်ရွက်ရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လူအသေအပျောက်အနည်းဆုံးဖြစ်ခဲ့သော်လည်း ဆုံးရှုံးမှုများ ကြီးမားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သင်ခန်းစာယူရန်လိုကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို များစွာဆောင်ရွက်ထားရန်လိုကြောင်း၊ ဥပမာအားဖြင့် အဆောက်အဦများတည်ဆောက်ရာတွင် မိုးများသည့်ဒေသများ၊ မုန်တိုင်းကျရောက်နိုင်သည့် ဒေသများတွင် သဘာဝဘေးဒဏ်ကိုခံနိုင်သော ကြံ့ခိုင်မှုရှိသည့် အဆောက်အဦများကို ဆောက်လုပ်သွားရမည်ဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်ရေး ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်များထမ်းဆောင်ရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ပြီး ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ကို ထုတ်ပြန်သည့်မှတ်တမ်းများအရ သိရှိနိုင်ကြောင်း၊ ယခင်အနုတ်ပြနေသည့် စီးပွားရေးမှ အပေါင်းဖြစ်သည်အထိ တိုးတက်လာခဲ့ခြင်းဖြစ်ပြီး အထိုက်အလျောက် တိုးတက်လာခြင်းဖြစ်ကြောင်း၊ ထိုအခြေအနေအပေါ်တွင် ကျေနပ်နေ၍မရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝင်ငွေမရှိဘဲ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်၍မရကြောင်း၊ စီးပွားရေးကောင်းမွန်ခြင်းမရှိပါက ရာဇဝတ်မှုများ ထူပြောလာမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ၌ အချို့ဖြစ်စဉ်များသည် ပြန်ပေးဆွဲ၍ ငွေကြေးတောင်းယူခြင်းများ ဖြစ်သည်ကို စိစစ်ဖော်ထုတ်တွေ့ရှိရကြောင်း၊ အချို့သော အကြမ်းဖက်မှုများတွင် မိသားစုများပါ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့မှုနှင့်ပတ်သက်၍ ပဲအမျိုးမျိုး၊ ဆန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်များနှင့် မွေးမြူရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်းလိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ရခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်ကြောင်း၊ သို့သော် ထုတ်လုပ်မှုနှင့် စားသောက်မှုမမျှတခြင်းကို မိမိတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စက်ရုံအလုပ်ရုံများကို အပြည့်အဝလည်ပတ်နိုင်ရန်လိုကြောင်း၊ အစိုးရစက်ရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်နိုင်မှုမရှိခြင်းနှင့် ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများ အပြည့်အဝမလည်ပတ်နိုင်ခြင်းတို့ကြောင့် ထုတ်ကုန်များ နည်းပါးနေခြင်းဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မှုများ မရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့ နိုင်ငံသားများသည် ရောင့်ရဲတင်းတိမ်သည့်စိတ်ရှိကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များနှင့် ထုတ်ကုန်များကိုထုတ်လုပ်ရာတွင် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံလောက်ပါသည်ဆို၍ မရကြောင်း၊ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ လိုအပ်ချက်များနှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ကြောင်း၊ စိုက်ပျိုးရေးပို့ကုန်များနှင့် ထုတ်ကုန်များကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ပါက နိုင်ငံခြားငွေများ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြင့်တက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် တစ်ဧကအထွက်နှုန်းများ တိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်ရေး၊ ထုတ်ကုန်များ ပြည့်ဝစွာထုတ်လုပ်နိုင်ရေးအတွက် စွမ်းအားပြည့်လည်ပတ်နိုင်ရေးနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက စနစ်တကျစီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရမည်

အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိရစ္ဆာန်အစားအစာကုန်ကြမ်းများ အများအပြားထွက်ရှိသည်ဖြစ်သော်လည်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျမွေးမြူခြင်းနှင့် တိုးချဲ့မွေးမြူခြင်း မရှိကြသည်ကို တွေ့ရှိရကြောင်း၊ တိရစ္ဆာန်အစာအတွက်လိုအပ်သည့် ဖွဲ၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်၊ ပြောင်း၊ ငါးမှုန့် စသည့် ကုန်ကြမ်းများ ပြည်တွင်း၌ အလုံအလောက်ရှိပြီး အားဖြည့်အစားအစာကိုသာလျှင် ပြည်ပမှတင်သွင်းရကြောင်း၊ သဘာဝအစားအစာများသည်လည်း အလုံအလောက်ရှိပြီးဖြစ်ပြီး မြက်စိုက်ပျိုးနိုင်သည့်မြေများလည်း များစွာရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တီထွင်ကြံဆလုပ်ဆောင်ခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတဘဲ ကုန်ဈေးနှုန်းများ ကြီးမြင့်နေရခြင်းဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုမျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အသားငါးဈေးများ ကျဆင်းရေးသည် မိမိတို့အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများကို ချိန်ထိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လုံလောက်သည့်ပမာဏထွက်ရှိသည်ဆိုရုံဖြင့် ကျေနပ်မနေဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအဖွဲ့မှ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူထွက်ရှိလာသည့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချသည်ကို မိမိအနေဖြင့် အားပေးပါကြောင်း၊ သို့သော်လည်း ပြည်တွင်းတွင်လိုအပ်သည့် အဓိကစားသုံးနိုင်မှုကိုလည်း မထိခိုက်ရန်လိုကြောင်း၊ သို့ဖြစ်၍ စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် ဆီဖူလုံမှုကို ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံတွင် ထွက်ရှိသည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲပုပ် စသည့်သီးနှံများကို ဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်၍ စားသုံးမည်ဆိုပါက သာမာန်အားဖြင့် ၁၂၆ ရာခိုင်နှုန်း ဆီဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ၂၄၉ ဒသမ ၅ ရာခိုင်နှုန်း ဆီဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုမရှိသဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ သုံးသပ်ကြည့်မည်ဆိုပါက ဆီထွက်သီးနှံများ အထွက်နှုန်းမမှန်ခြင်း၊ ပြည်ပသို့တင်ပို့နေခြင်း၊ ဒေသန္တရအစားအစာများတွင် ဆီထွက်သီးနှံများကို အများအပြားထည့်သွင်းစားသုံးနေခြင်းတို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နှမ်းနှင့်မြေပဲ ပြည်ပသို့တင်ပို့ခြင်းဖြင့် ရရှိလာသည့်ငွေကြေးသည် ပြည်ပမှ စားသုံးဆီတင်သွင်းနေရသည့် ဆီတန်ဖိုးကို မကာမိဘဲ လေးပုံတစ်ပုံခန့်သာရရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်ပသို့တင်ပို့နေသည့် ကုန်စည်များနှင့်ပတ်သက်၍လည်း UMFCCI နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ချိန်ဆ၍ တွက်ချက်ဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ်ကြရန်လိုကြောင်း၊

*စာမျက်နှာ ၄ သို့*

“ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုတိုးတက်ရရှိမည်၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သကဲ့သို့ ပြည်ပသို့ တင်ပို့နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်းလို၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက် ”

စာမျက်နှာ ၃ မှ

အဓိကအားဖြင့် ပြည်တွင်းစားသုံးမှုကို မထိခိုက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ အထွက်နှုန်း ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**“ တိုင်းပြည်ဝင်ငွေရရှိရေးနှင့်ပတ်သက်၍ အခွန်အခများ ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထွက်ကုန်ပစ္စည်းများ ပေါများစွာထုတ်လုပ်နိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည် ”**

### စိုက်ပျိုးမြေအသုံးချမှုနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များအတိုင်းဖြစ်ရန်လို

စိုက်ပျိုးမြေများအသုံးချမှုနှင့် ပတ်သက်၍လည်း လယ်ယာမြေဥပဒေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လယ်မြေကို အခြားသီးနှံစိုက်ပျိုးခွင့်ပေးခြင်းကို ဗဟိုအဖွဲ့မှသာ ခွင့်ပြုပေး၍ရပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ခွင့်ပြုပေး၍မရကြောင်း၊ လယ်ယာမြေ၌ အခြားသီးနှံစိုက်ပျိုးခွင့် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ခွင့်ပြုပေး၍ရကြောင်း၊ သို့သော်လည်း အခြားလုပ်ငန်းပြောင်းခွင့်ကိုမူ ဗဟိုအဖွဲ့မှပင် ဆောင်ရွက်ပေး၍ရကြောင်း၊ လယ်ယာမြေများကို အသုံးချရာတွင် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ အဆောက်အဦများဆောက်လုပ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲနေမှုများကို ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လယ်ယာမြေ၏ မူရင်းပိုင်ရှင်သည် နိုင်ငံတော်ပင်ဖြစ်ပြီး ဥပဒေ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဂဃနဏသိရှိနားလည်ရန်လိုကြောင်း၊ ဥပဒေကို ချိုးဖောက်ပါက ထိုက်သင့်သည့် အရေးယူဆောင်ရွက်ခြင်းကို ခံယူရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် အပြည့်အဝစိုက်ပျိုးရန်လိုအပ်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအနေဖြင့်လည်း ဝန်ကြီးဌာနပိုင်အဆောက်အဦများ၊ မြေများ နှစ်ရှည်ငှားမည်ဆိုပါက အစိုးရထံ မူအားဖြင့် သဘောတူညီမှုယူရမည်ဖြစ်ပြီး နှစ်ရှည်ကိစ္စဖြစ်ပါက MIC သို့ ခွင့်ပြုချက်တင်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကာလတိုငှားရမ်းခြင်းများကို လုပ်ပိုင်ခွင့်အဖြစ်ပေးထားခြင်းမဟုတ်သော်လည်း လုပ်ဆောင်မည်ဆိုပါက ဆောင်ရွက်၍ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုများ ပြောင်းလဲမည်ဆိုပါကလည်း တင်ပြရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် မွေးမြူရေးသိပ္ပံကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ရေငန်ငါးနှင့်ပုစွန်မွေးမြူရေးဆိုင်ရာဘာသာရပ်များ ထည့်သွင်းသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးထုတ်ကုန်များတွင် အလားလာရှိသည့် လက်ဖက်၊ ကော်ဖီ၊ မက်ကဒေးမီးယား၊ သီဟိုဠ်၊ ထောပတ်၊ ကိုကိုး စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ပညာရှင်များနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း လေးသောင်းသုံးထောင်ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူ ရှစ်သန်းကျော် ကျောင်းအပ်နှံခဲ့ပါကြောင်း၊ ယခင်ပညာသင်နှစ် ကျောင်းသား ကျောင်းသူများထက် တစ်သန်းကျော် ပိုမိုသည်ကို တွေ့ရပါကြောင်း၊ အဆိုပါကျောင်းသား ကျောင်းသူများအားလုံး ပညာသင်နှစ်ပြီးဆုံးသည်အထိ အပြည့်အဝကျောင်းတက်နိုင်ရေးနှင့် အဆင့်လိုက်အတန်းကူးပြောင်းမှု ရာခိုင်နှုန်းမြင့်မားရေးအတွက် သက်ဆိုင်ရာအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာနသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ကျောင်းများနှင့် ဆရာ ဆရာမများ လုံခြုံမှုရှိစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်မြင့်မားရေးအတွက် စာသင်ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရန်နှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက် ဝန်ကြီးဌာနအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခု အခြေခံပညာကျောင်းများသည် KG+12 အထိ ရှိသဖြင့် ကျောင်းများအဆင့်မြှင့်တင်ရာတွင် သတ်မှတ်ထားသည့် မြေနေရာအကျယ်အဝန်းနှင့် ကျောင်းအဆောက်အအုံများ ပြည့်စုံကောင်းမွန်စေရန် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသုံးပရိဘောဂများကိုလည်း တစ်နိုင်ငံလုံးအနေဖြင့် တစ်ပြေးညီဖြစ်စေရန် တစ်ဆင့်ချင်းအလိုက် ပြုပြင်ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို သုံးစွဲရာတွင် အလွဲသုံးစားမှုများမရှိရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကို သုံးစွဲရာတွင် အမှန်တကယ်သုံးစွဲရမည့်ကိစ္စရပ်များကိုသာ သုံးစွဲကြရန်နှင့် မသုံးစွဲသင့်သည်များကို မသုံးစွဲရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အများနှင့်သက်ဆိုင်သည့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အဦ၊ ရုံးဌာနအဆောက်အဦများကို ဦးစားပေးအနေဖြင့် အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်ရန်နှင့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းပြည်ဝင်ငွေရရှိရေးနှင့်ပတ်သက်၍ အခွန်အခများ ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထွက်ကုန်ပစ္စည်းများ ပေါများစွာထုတ်လုပ်နိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပဈေးကွက်ခိုင်မာစွာတည်ရှိသည့် ပြောင်း၊ နှမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင်ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေလိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီးနယ်မြေအခြေစိုက် ဒီမိုကရက်တစ်အင်အားစုလေဘာပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သော နိုင်ငံရေးပါတီများ၏ ပါတီလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်၊ ဦးကိုကိုလွင်နှင့် ဦးသန်းအောင်ကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဒီမိုကရက်တစ်အင်အားစုလေဘာပါတီမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များကို တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ပါတီဝင် အင်အားပြည့်မီအောင် စည်းရုံးထားရှိရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်အတိုင်း ဖွင့်လှစ်ထားရှိရေး၊ ပါတီဘဏ္ဍာရေးစည်းမျဉ်းများကို ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ထားရှိရေး၊ ပါတီအလံနှင့်ဆိုင်းဘုတ်များ အသုံးပြုခြင်းကို ဥပဒေသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် စည်းရုံးရေးကာလအတွင်း ပြည်သူများ အနှောင့်အယှက်မဖြစ်စေရေး၊ သတိပြုအလေးထားဆောင်ရွက်သွားကြရန်၊ လာမည့် ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် လေ့ကျင့်ပြင်ဆင်တည်ဆောက်ထားကြရန်၊ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒီမိုကရက်တစ်အင်အားစုလေဘာပါတီဥက္ကဋ္ဌ ဒေါ်တင်တင်မာက ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။



မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အခြေစိုက် ဒီမိုကရက်တစ်အင်အားစုလေဘာပါတီသည် မလွန်ဆေးရိုးဝင်း အောင်နန်းအနောက်ရပ်ကွက် ၃၃ x ၃၄ ကြား (၈၅) လမ်း အမှတ် (၁၂) တွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၃၅/၂၀၂၃) ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၉) နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## တောင်ငူမြို့နယ်ရှိ အများပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားကုန်များ ရောင်းချပေး

**တောင်ငူ ဇူလိုင် ၁၃**

တောင်ငူမြို့ အမှတ် (၁၉) ရပ်ကွက် သံတောင်လမ်း ဘုရင့်နောင်ဈေးနှင့် ညောင်ပင်လေးဈေးအနီး၌ ယနေ့နံနက်က ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားကုန်များ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ဆန်တစ်ပြည် ကျပ် ၂၅၀၀ နှုန်း၊ စားသုံးဆီတစ်ပိဿာ ကျပ် ၅၂၀၀ နှုန်း၊ ကြက်ဥ ၁၀ လုံး ကျပ် ၂၃၀၀ နှုန်း၊ ဘဲဥ ၁၀ လုံး ကျပ် ၂၆၀၀ နှုန်း၊ ငါးမြစ်ချင်း တစ်ကောင် ကျပ် ၂၀၀၀ နှုန်း၊ ကြက်သား တစ်ပိဿာ ကျပ် ၉၀၀၀ နှုန်း၊ ဝက်သား တစ်ပိဿာ ကျပ် ၁၅၀၀၀ နှုန်း၊ အမဲသား တစ်ပိဿာ ကျပ် ၁၂၀၀၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်များ စသည့်အခြေခံစားကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၁၀၀၀ နှင့် ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် စာသင်ခုံများဝယ်ယူရန် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားလျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်း လုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းခြင်းနှင့် ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အတွက် စာသင်ခုံများဝယ်ယူရန် အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက လာရောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်း လုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဦးမောင်မောင်၊ Asia Express Yangon Co., Ltd မိသားစု (ဇမ္ဗူသီရိဟိုတယ်) က အလှူငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် စာသင်ခုံများဝယ်ယူရန် ရွှေခနေအောင်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာစိုးသိန်းက အလှူတော်ငွေကျပ် သိန်း ၁၆၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်မင်းကျော်သူက အလှူတော်ငွေကျပ် သိန်း ၅၀ နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က အလှူတော် ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ရောဂါများကို ဆောလျင်စွာ ရှာဖွေဖော်ထုတ်၍ ထိရောက်သည့် ဆေးကုသမှုရရှိရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဒါကာမြို့၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဒါကာမြို့ Pan Pacific Hotel ၌ ကျင်းပသည့် "ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း" နိုင်ငံတကာဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပဋိဇီဝပိုးသတ်ဆေးယဉ်ပါးမှု ပြဿနာကို ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ Human health ၊ Animal health ၊ Environmental health တို့၏ အပြန်အလှန်ဆက်နွှယ်မှုကို သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် One Health Approach ဖြင့် ကိုဗစ်-၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါများ၊ ပဋိဇီဝပိုးသတ်ဆေးယဉ်ပါးမှုပြဿနာကို လျှော့ချနိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ရောဂါများကို ဆောလျင်စွာ ရောဂါရှာဖွေကုသရန်၊ နိုင်ငံအားလုံး၏ သေဆုံးမှုအကြောင်းရင်းများတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကြောင့် သေဆုံးမှုများလာမှုများ၊ ဒေသတွင်းနိုင်ငံများ၊ အစိုးရဌာနအချင်းချင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ရန်၊ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ရောဂါများကို ဆောလျင်စွာ ရှာဖွေဖော်ထုတ်၍ ထိရောက်သည့် ဆေးကုသမှုရရှိရေးနှင့် လူနာများလွှဲပြောင်းပေးရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်၍ သံတမန်များ၊ ပညာရှင်များက ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများနှင့် Diplomacy တို့ အပြန်အလှန်ဆက်နွှယ်နေသည့်ကိစ္စများ၊ Health Diplomacy ကို အသုံးပြု၍ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်နေပြည်သူများအတွက် အခမဲ့ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် Zinda ပြည်သူလူထုအခြေပြု ကျန်းမာရေးဆေးပေးခန်း ဆွေးနွေးပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ လေ့လာကြည့်ရှုပြီး ဆေးခန်းပရဝဏ်အတွင်း စုပေါင်းအမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

ယင်းဆေးခန်းတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ရပ်ရွာနှင့် ပူးပေါင်း၍ ပြည်သူလူထုအခြေပြု ဆောင်ရွက်နေသည့်လုပ်ငန်းများအကြောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး ရေချမ်းပြင်ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်း ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့နယ် ရေချမ်းပြင်ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ရေချမ်းပြင် ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်း တာဝန်ခံက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် စခန်းအတွင်း အဆောက်အအုံများ ပျက်စီးခဲ့မှု၊ ယာယီအမိုးအကာများ တည်ဆောက်ပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု၊ ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်းတွင် ရေငန်ပုစွန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနည်းပညာ၊ နည်းစနစ်များနှင့် သားဖောက် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေငန်ပုစွန်မွေးမြူရေးရာသီအမီ သားပေါက်များ အမြန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမျိုးသန့်ခြံသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အုန်းသီးနှံတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့် အုန်းသီးစုဆောင်းထားရှိမှု၊ ပျိုးထောင်ထားရှိမှု၊ မျိုးစေ့သန့်စင်စက် ပြန်လည်တည်ဆောက်နေမှုနှင့် အထွက်နှုန်းကောင်းပြီး ဒေသနှင့် ကိုက်ညီသည့် မျိုးစပါးများ ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးက မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ အမြန်ပြန်လည်တည်ဆောက်ရေး ဆောက်လုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

စစ်တွေမျိုးသန့်ခြံ၌ အုန်းသီးနှံ ၅၅၀၁ လုံး ပျိုးထောင်ထားရှိပြီး ရခိုင်ပြည်နယ် တစ်ခုလုံးအနေဖြင့် အုန်းပင် ၃၄၆၀၀ ပျိုးထောင်ထားရှိပြီး ဒေသနှင့် သင့်လျော်မည့် ဆားငန်ဒဏ်ခံ ဆင်းသွယ်လတ်၊ ရွှေအာဆီယံ၊ ပြည်မြန်မာစိန်၊ ဆားငန်ခံ - ၅၊ ဆားငန်ခံ - ၆၊ ရောမောင်၊ ရွှေပြည်မင်း၊ ရွှေပြည်ဝင်း၊ (YSTR-12) နှင့် (GW-11) စပါးများကို စမ်းသပ်ရှာဖွေပျိုးထောင် စိုက်ပျိုးထားရှိလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၁၄ ဒသမ ၄၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ရသေ့တောင်မြို့တွင် ၁ ဒသမ ၈၀ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သံတွဲမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၁ ဒသမ ၄၆ လက်မစီ၊ တွန်းဇံမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကျုံပျော်မြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ပေါင်မြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကေကျေးရွာသို့ ဆက်သွယ်ထားသော ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းတံတားပြုပြင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၁ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကေကျေးရွာသို့ ဆက်သွယ်ထားသော ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းတံတား ပြုပြင်ပြီးစီးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးအား တံတားပြုပြင်ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တံတားရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။ အရှည် ၈၅ ပေ ၊ အကျယ် ၁၂ ပေရှိ အဆိုပါဘေလီသံပေါင် သစ်သားကြမ်းခင်းတံတားသည် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ခြင်းဖြစ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၉၂၆ အိမ်၊ လူဦးရေ ၄၈၂၂ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး လျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အမျိုးသား / အမျိုးသမီးဖူဆယ်အသင်းနှင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်

**ပဲခူး ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇူလိုင် ၁၃ ရက်က ၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အမျိုးသား/အမျိုးသမီးဖူဆယ်အသင်းနှင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကျင်းပသည်။




ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများက တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အနိုင်/အရှုံးတစ်ခုတည်းကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်မည့် ထိုက်တန်ထူးချွန်သည့် အားကစားသမားများပေါ်ထွက်လာရေးနှင့် သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရိုသေလိုက်နာမှု စသည့်အခြေခံကောင်းများကိုပါ အစွမ်းကုန်ဖော်ထုတ်ရင်း အနိုင်ရရှိရေးအတွက် ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အမျိုးသား/အမျိုးသမီးဖူဆယ်အသင်းနှင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအသင်းများအတွက် ထောက်ပံ့ငွေကျပ် ၄၉ သိန်းကို ထောက်ပံ့ပေးအပ်ပြီး အသင်းအုပ်ချုပ်သူနှင့် နည်းပြများထံ အောင်နိုင်ရေးအလံ ပေးအပ်ခဲ့သည်။

နေပြည်တော်၌ ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား/အမျိုးသမီး ဖူဆယ်ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမား ၃၇ ဦးနှင့် ရန်ကုန်မြို့၌ ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား ၁၂ ဦး သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မအူပင်၊ ဝါးခယ်မ၊ မြောင်းမြမြို့နယ်များရှိ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာသို့ ရောက်ရှိပြီး သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ လျာထားစိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးမှူးက မအူပင်မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးရေး၊ နွေစပါးစိုက်ပျိုးရေး ဆောင်ရွက်ခဲ့မှုများနှင့် ယခုမိုးစပါးစိုက်ပျိုးရေးအတွက် မျိုးစပါး၊ မြေဩဇာ၊ စိုက်ပျိုးရေးဆေးနှင့် သွင်းအားစုများ ပံ့ပိုးပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အထွက်တိုးစပါးမျိုးများရွေးချယ်စိုက်ပျိုးရန်၊ သွင်းအားစုများကို စနစ်တကျ အသုံးပြုထည့်သွင်း ဆောင်ရွက်သွားရန်၊ သဘာဝမြေဩဇာများကိုရောနှောအသုံးပြုရန် တိုက်တွန်းမှာကြားကာ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။




ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မမြို့နယ် ကြခတ်ကုန်းကျေးရွာ နှင့် မြောင်းမြမြို့နယ် (၅) မိုင် စိုက်ပျိုးရေးစခန်းများသို့ သွားရောက်ကာ သမဝါယမအသင်း အမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး မိုးစပါးစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မအူပင်မြို့နယ်၌ ဧက ၁၀၀၀၊ ဝါးခယ်မမြို့နယ်၌ ဧက ၁၀၀၀၊ မြောင်းမြမြို့နယ်၌ ဧက ၁၀၀၀ အပါအဝင် မြို့နယ် ၂၆ မြို့နယ်၌ စုစုပေါင်းစိုက်ဧက ၂၆၁၂၂ ဧကကို စိုက်ပျိုးရေး သမဝါယမအသင်းများ ဖွဲ့စည်း၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများ ပေးအပ်

**ရပ်စောက် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် သမဝါယမအသင်းစုမှ ရောင်ခြည်ဦးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ရှိ မိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ သွင်းအားစုများပေးအပ်ခြင်းကို အဆိုပါအသင်း၌ ကျင်းပသည်။

သွင်းအားစုများပေးအပ်ပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသားတောင်သူများ တက်ရောက်ပြီး မိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ ငွေကျပ် ၁၀၂ သိန်းနှင့် ညီမျှသော သွင်းအားစုမြေဩဇာ ၁၁၉ အိတ်နှင့် စွမ်းထက်သဘာဝမြေဩဇာ ခုနစ်အိတ် စုစုပေါင်း ၁၂၆ အိတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့ Ural State Mining University ရှိ ဘူမိဗေဒပြခန်း၊ Museum complex of military and civil equipment of the Ural Mining and Metallurgical Company နှင့် Stone - crafting House များသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းက ယီယာကျီရင်ဘတ်မြို့ရှိ Ural State Mining University ၏ ဘူမိဗေဒပြခန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ကြည့်ရှုလေ့လာစဉ် သက်ဆိုင်ရာ တာဝန်ရှိသူများက ခေတ်အဆက်ဆက်မှ ဘူမိဗေဒဆိုင်ရာ စွန့်ဦးရှာဖွေတွေ့ရှိမှုများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုနှင့် Ural ဒေသထွက် အဖိုးတန် သတ္တုရိုင်းများကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါမြို့ရှိ Museum complex of military and civil equipment of the Ural Mining and Metall–urgical Company ၌ ခင်းကျင်းပြသထားသည့် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော သစ်သားကိုယ်ထည် တိုက်လေယာဉ်များ၊ လေကြောင်းရန် ကာကွယ်ရေး လက်နက်များ၊ တင့်ကားများ၊ သင်္ဘောများနှင့် ရှေးယခင်က အသုံးပြုခဲ့ကြသည့် ရေနွေးငွေ့သုံး မီးရထားများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ယီကာကျီရင်ဘတ်မြို့ရှိ Stone–crafting House by Alexey Antonov ကျောက်ဆစ်အနုပညာပြခန်းသို့ သွားရောက်ပြီး ရှေးဟောင်းတိရစ္ဆာန် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကမ္ဘာ့ဒေသအနှံ့အပြားမှ စုဆောင်းထားသည့် အမျိုးစုံသော ကျောက်များ၊ ထုဆစ်ပြုလုပ်ထားသော အရွယ်အစားမျိုးစုံ ကျောက်ဆစ်ပန်းပုများ၊ ရုရှားနိုင်ငံ၏ ရှေးအကျဆုံး တူးဖော်ရရှိထားသည့် ရွှေများနှင့် ကျောက်သားပန်းချီကားချပ်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့ရှိ Ural State Mining University ရှိ ဘူမိဗေဒပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

# အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုခိုင်မာစေရန် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ရခိုင်ပြည်နယ်အဆင့် အသိပေးဆွေးနွေး

စစ်တွေ ဇူလိုင် ၁၃

**အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုခိုင်မာစေရန် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ရခိုင်ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။**



ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ခြင်းကြောင့် သဘာဝဘေး၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ပြည်သူ့ကျန်းမာရေးပြဿနာအဆင့်ထိ ဖြစ်ပွားခြင်းမရှိအောင် ကာကွယ်နိုင်ခဲ့ပါကြောင်း။

ယခုအခါ မိုခါမုန်တိုင်း တိုက်ခတ်ပြီးနောက် နှစ်လနီးပါးရှိပြီဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအားလုံးကို ပုံမှန်လည်ပတ်နိုင်ပြီဖြစ်ရာ တစ်နေ့ထက်တစ်နေ့ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် စတင်ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပိုမိုခိုင်မာလာပြီး ရောဂါကြိုတင်ကာကွယ်နိုင်ကာ ရောဂါဖြစ်ပွားမှုနှုန်း၊ ဆေးရုံတက်ရောက်မှုနှုန်း၊ သေဆုံးမှုနှုန်းများကျဆင်းပြီး ဆေးကုသမှုကုန်ကျစရိတ်များ လျော့နည်းလာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနတစ်ခုတည်း ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအခြေအနေ တိုးတက်မြင့်မားအောင် ဆောင်ရွက်၍မရပါကြောင်း၊ နီးနွယ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ရန်လည်း အရေးကြီးပါကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက ရခိုင်ပြည်နယ်အတွင်း အခြေခံကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို သီးစုံဒံပေါက်များ ဝေငှခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ MV WERU PACK KHA သင်္ဘောပေါ်မှ ဆန်အိတ်များ တင်ချနေမှု **(အောက်ပုံ)**၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဖော်ကျွန်းသင်္ဘောပေါ်သို့ ရန်ကုန်မြို့သို့ ပို့ဆောင်မည့် ထရန်စဖော်မာများနှင့် ဆက်သွယ်ရေးယာဉ်များ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**



# အထက (ကြို့ပင်ကောက်)၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး



**ကြို့ပင်ကောက် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အ.ထ.က (ကြို့ပင်ကောက်)တွင် သာယာဝတီခရိုင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(သာယာဝတီ)မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးက အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဥက္ကာသွင်က လူကုန်ကူးမှုဖြစ်စဉ် ကိုယ်တွေ့ဖြစ်ရပ်များ၊ လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ် ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းအရာများကို အမေးအဖြေဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နာရီစင်ကွင်း၌ ဒေသခံပြည်သူများအား ဝက်သား၊ ကြက်သား၊ ဘဲသားနှင့် ကြက်ဥများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။



အလားတူ ဘူးသီးတောင်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဦးဥတ္တမခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု ၁၉ စုတို့ရှိ လေဘေးသင့်ဒေသခံပြည်သူများအား ဒုတိယအကြိမ် စားသောက်ကုန်ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး တပ်မတော်ဆေးရုံခွဲ (၅၀) ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် ဘူးသီးတောင်တပ်နယ်ရှိ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ပြီး အားပေးစကား ပြောကြားသည်။ ထို့နောက် ၆၆ KV ဓာတ်အားရုံ၌ ဓာတ်အားလိုင်း လက်ခံရရှိမှုနှင့် လျှပ်စစ်မီးများ ဆက်လက်ဖြန့်ဖြူးပေးရေးအတွက် ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးချုပ် အောင်ကျော်မိုး သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရွာသစ်ကေကျေးရွာနှင့် ကံ့ကော်ကျွန်းကျေးရွာများရှိ စပါးစိုက်တောင်သူများ၏ လယ်ယာများတွင် GW-11 မျိုးစပါးများ ပျိုးထောင်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြင့်ကျွန်းကျေးရွာနှင့် ချီလည်ပင်ကျေးရွာများရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။ (အောက်ဝဲပုံ)

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦး သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ဌာနဆိုင်ရာများအား ဆန်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ မာန်အောင်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦး သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများအား မျိုးစေ့ အမယ်ပေါင်း ၂၈ မျိုး၊ စုစုပေါင်း မျိုးစေ့ထုပ် ၁၇၅၈ ထုပ်အား ထောက်ပံ့ပေးအပ်သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေ သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လေဘေးသင့်ကျေးရွာ ငါးရွာအား ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ပြီး သရေကုန်းဘောင်ကျေးရွာရှိ တောင်သူများ၏ ပေါ်ဆန်းရင်မျိုးစပါး ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင် ထွန်ယက်နေမှုများအား သွားရောက်ကြည့်ရှုသည်။ ထို့ပြင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ၌ ဓာတ်အားလိုင်း လက်ခံရရှိမှုနှင့် လျှပ်စစ်မီးများ ဆက်လက်ဖြန့်ဖြူးပေးရေးအတွက် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၃**

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ဆန်၊ သကြား စသည့် အခြေခံ စားသောက်ကုန် ပစ္စည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သော ဆေးပစ္စည်းများ ၅ ဒသမ ၇၇၂ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် (လေ) မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၆၇ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၆၆ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများကို မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေနှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့၊ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့၊ ဦးဥတ္တမခန်းမရှေ့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေး

**ပြင်ဦးလွင် ဇူလိုင် ၁၃**

ပြင်ဦးလွင်မြို့၌ ဇီဝဆိုင်ရာ (Biometric) အချက်အလက်များ ကောက်ယူပြီး Unique ID (UID) ထုတ်ပေးခြင်း လုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ e-ID စနစ်လုပ်ငန်းအတွက် ကျောင်းသား ကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့သွားရောက်စဉ် ပြင်ဦးလွင်မြို့နယ်အတွင်း မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် စာရင်းဇယားအချက်အလက်နှင့် လက်ခံမှတ်တမ်းများ စုစည်းသိမ်းဆည်းထားရှိမှု၊ e-ID စနစ်လုပ်ငန်းအတွက် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူနေမှုကိုလည်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြင်ဦးလွင်မြို့၌ အဆိုပါ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇွန် ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၂ ရက်အထိ ၁၆၀၄ ဦးကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**ဖြူလူသစ် (ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ကြောင်သူတော် ကြွက်သူခိုးတွေ ...

ကျော်မြင့်ထွန်း (ပါရီ)

လွယ်လွယ်ကူကူ အန္တတ္တသညာ ခေါ်စရာ အဖြစ် သူတို့ကို **"အတ္တဟိတသမားတွေ"** (အတ္တကြီးသူတွေ) လို့ ခေါ်လိုက်ပါရစေ။

ဒီ **"အတ္တဟိတသမားတွေ"** ဟာ ဆယ်စုနှစ်ပေါင်း များစွာကြာအောင် **"ဒီမိုကရေစီ"** နဲ့ **"လူ့အခွင့်အရေး"** မျက်နှာဖုံးစွပ်ပြီး ဖွံ့ဖြိုးဆဲကမ္ဘာက နိုင်ငံငယ်လေးတွေအပေါ် နိုင်ထက်စီးနင်းပြုကျင့်လာတာ ကြာပါပြီကော။ ဟုတ်တယ်မဟုတ်လား အရပ်ကတို့။

တရုတ်နဲ့ ရုရှားနိုင်ငံတွေ ကျွန်တော်ပြောလိုရင်းကို ကျေးဇူးပြုပြီး အာရုံစိုက်ပေးကြစေလိုပါတယ်။ သိကြားစေသက်သေညွှန်းလိုပါတယ်။

ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေရှိ ဆင်စွယ်မျှော်စင်တွေထဲ ရှိနေကြတဲ့ အတ္တဟိတသမားတွေ (ကိုယ့်ကိုယ်ကိုယ် ဖြောင့်မတ်တည်ကြည်သူတွေအဖြစ် ဂုဏ်တင်ထားသူတွေ၊ လက်တွေ့ဘဝနဲ့ ကင်းကွာနေတဲ့ ရေပေါ်ဆီ၊ လူ့မလိုင် အလွှာဝင်တွေ) အားလုံးကို ကျွန်တော်က ဒီနေရာက အသိအမှတ်ပြုလိုက်ပါရစေ။ ဒီမြို့ကြီး နှစ်မြို့မှာ **"အထူး အစီရင်ခံစာ ရေးသူတွေ"**၊ **"အထူးသံတမန်တွေ"**၊ **"ကော်မရှင်တွေ"**၊ **"ပါရဂူများအဖွဲ့တွေ"**၊ **"အထက်တန်း ကျွမ်းကျင်ပညာရှင်တွေ"** စသည် ရှိနေကြပါတယ်။

ပါရီမြို့ကြီး ရက်ပေါင်းကြာရှည် လောင်မြိုက်နေဆဲပါတကား။ နိုင်ငံအတွင်း အခြားမြို့ကြီးတွေအထိ ဝရုန်းသုန်းကားဖြစ်မှုတွေ ကူးစက်နေဆဲပါတကား။ အတ္တဟိတသမားတွေကတော့ ဒုံးဝေးနေကြတုန်းပါ။ တစ်နံတစ်လျားကျယ်ပြောလှတဲ့ အသင်းအပင်းတွေထဲ ကျင်လည်နေကြတဲ့ အတ္တကြီးသူတွေကတော့ ဘာကြေညာချက်၊ ဘာရှုတ်ချချက်ကိုမှ မထုတ်ဘဲ တုံဏှိဘာဝေ ဆိတ်ဆိတ်နေကြလေရဲ့။

ဂျီနီဗာအခြေစိုက် ဌာနန္တရတစ်ခုရဲ့ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးကတော့ **"လုပ်ကြပါဦး"** ဆိုပြီး တစ်စောင်တည်းသော ကြေညာချက်ကို ထုတ်ပြန်ထားတယ်။ ဒါပေမယ့် အခြေအမြစ်မရှိတာလို့ ဆိုပြီး ပြင်သစ်က ပုတ်ထုတ်လိုက်တယ်။ အဲဒီကတည်းက နောက်ထပ်ဘယ်သူကမှ လေသံမဟကြတော့ဘူး။ သူတို့ အနေနဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေမှာ ရုံးခွဲသစ်တွေ ထပ်တိုးဖွင့်ဖို့ပဲ အလုပ်ရှုပ်နေကြလေရဲ့။

"အရပ်ကတို့ရေ ဂျီနီဗာကနေ ပါရီကို လေယာဉ်စီးခရီးသွား၊ ခရီးမဝေး အနီးကလေးပဲ။ သွားဖြစ်အောင် သွားလိုက်ပေါ့။ အဓိကရုဏ်းတွေ ဖြစ်နေတဲ့ လော်ဆိန်းကိုလည်း အရောက်သွားပါဦး။ ဦးကြီးတော်တွေ၊ ကြီးတော်တွေ နေထိုင်တဲ့ နိုင်ငံကို ရောက်ပြီဆိုမှတော့ သူတို့မကြိုက်တာ ပြောရဲ၊ လုပ်ရဲပါဦးမလား။

သူတို့ရဲ့ အဖွဲ့အစည်းတွေထဲက အဖွဲ့အစည်းတစ်ခုကတော့ ပါရီမှာ တည်ရှိနေတော့ ဘယ်သူမှ အသံမထွက်ရဲကြဘူး။ အနောက်တိုင်းနိုင်ငံတစ်နိုင်ငံဆိုတော့ သူတို့ အငြိမ်းစားယူပြီးတဲ့အခါ အေးအေးဆေးဆေး အခြေချနေထိုင်ကြဖို့ အစီအစဉ်တွေလည်း ရှိမှာပေါ့။ အငြိမ်းစားဘဝမှာ သက်သောင့်သက်သာ နေထိုင်သွားနိုင်မယ့် အနာဂတ် အခွင့်အရေးကို သူတို့ပျက်စီးမခံလိုကြဘူး။ ဩဇာတိက္ကမကြီးမားလှတဲ့ တက္ကသိုလ်ကြီးတွေမှာ ဧည့်ပါမောက္ခ ရာထူးရဖို့၊ ဉာဏ်ကြီးရှင်အဖွဲ့တွေမှာ **"ကျွမ်းကျင်သူပညာရှင်"** အဖြစ် နေရာရဖို့ စိတ်ကူးထားကြတော့ "ရှီး" တိတ်တိတ်နေလိုက်စမ်းလို့ပဲ ဆိုချင်ပါတယ်။

တကယ်လို့သာ ရုရှား သို့မဟုတ် တရုတ်နိုင်ငံမှာ အလားတူ မငြိမ်မသက်မှုမျိုး၊ ဝရုန်းသုန်းကားဖြစ်ပုံမျိုးတွေ ကြုံရမယ်ဆိုရင် အတ္တဟိတသမားတွေ အနေနဲ့ **"အချက်အလက် ရှာဖွေရေး"** ခရီးစဉ်တွေ ချက်ချင်းလက်ငင်းဖြစ်ပေါ်လာမှာပေါ့။ **"အချက်အလက် ရှာဖွေရေး"** ဆိုတဲ့ စကားကိုတော့ သူတို့နှစ်နှစ်ကာကာ သုံးလေ့ရှိတယ်။ ဒီနောက်မှာတော့ အဆုံးမထင်တဲ့ စုံစမ်းစစ်ဆေးမှုတွေကို အတောမသတ်နိုင်အောင် တရစပ်လုပ်ကိုင်နိုင်ဖို့ အထူးကော်မရှင်တွေဖွဲ့မယ်။ အထူးလုပ်ငန်းအဖွဲ့တွေ ဖွဲ့မယ် မဟုတ်ပါလား။ ပါရီမဟုတ်ဘဲ အရွယ်အစားသေးငယ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေမှာဆိုရင်တော့ အရေးယူပိတ်ဆို့မှုတွေ လုပ်မယ်။ ထပ်တလဲလဲ ဒဏ်ခတ်မယ်။

❍ "အတ္တဟိတသမားတွေ" ဟာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် "ဒီမိုကရေစီ" နဲ့ "လူ့အခွင့်အရေး" မျက်နှာဖုံးစွပ်ပြီး ဖွံ့ဖြိုးဆဲကမ္ဘာက နိုင်ငံငယ်လေးတွေအပေါ် နိုင်ထက်စီးနင်းပြုကျင့်လာတာ ကြာပါပြီကော။

❍ အားနွဲ့သူအပေါ် အနိုင်မကျင့်ရေးဆိုတာ သူတို့ရဲ့ စိတ်ကြိုက်ဘာသာရပ်တွေထဲက ဘာသာရပ်တစ်ခုပေါ့။ ဒါပေမယ့် သူတို့ကိုယ်တိုင် အနိုင်ကျင့်သူတွေ ဖြစ်နေတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအပေါ် ဘယ်နည်းဘယ်ပုံ အနိုင်ကျင့်ရမယ်ဆိုတာ သူတို့နှာကေနှောပါ။

❍ အတ္တဟိတသမားတွေဟာ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအတွက် အဖြေမထုတ်ပေးနိုင်ပါဘူး။ အတ္တဟိတသမားတွေဟာ ပြဿနာတွေရဲ့ အတိမ်အနက်ကိုလည်း မသိ၊ နိုင်ငံငယ်လေးတွေရဲ့ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွေကိုလည်း နားမလည်ရှာကြပါ။

အားနွဲ့သူအပေါ် အနိုင်မကျင့်ရေးဆိုတာ သူတို့ရဲ့ စိတ်ကြိုက်ဘာသာရပ်တွေထဲက ဘာသာရပ် တစ်ခုပေါ့။ ဒါပေမယ့် သူတို့ကိုယ်တိုင် အနိုင်ကျင့်သူတွေ ဖြစ်နေတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအပေါ် ဘယ်နည်းဘယ်ပုံ အနိုင်ကျင့်ရမယ်ဆိုတာသူတို့နှာကေနှောပါ။ "အထူးသံတမန်တွေ"၊ "အထူး ကိုယ်စားလှယ်တွေ" ကို အမျိုးစုံအောင် ခန့်အပ်ကြလိမ့်မယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး သူတို့ ခန့်အပ်ထားတဲ့ အလားတူ ရာထူးတွေ ဒု နဲ့ဒေး ဆိုတာ မြင်သာပါတယ်။

ရုရှားနဲ့ တရုတ်ကိုတိုက်ဖို့ ဒီရာထူးဌာနန္တရတွေကို သူတို့ အသုံးချနေကြတယ်။ ဒါပေမယ့် တကယ်လို့ အင်အားကြီးနိုင်ငံတွေ ပါဝင်ပတ်သက်နေကြရင်တော့ သူတို့ဘာမှ မပြော၊ ဘာမှမလုပ်ဘဲ လက်ပိုက်ကြည့်နေကြလေရဲ့။ အနောက်တိုင်းနိုင်ငံတွေရဲ့ လက်ကိုင်တုတ်တွေဟာ သူတို့ကိုယ်သူတို့ လူ့အခွင့်အရေး ကျွမ်းကျင်သူတွေဆိုပြီး ရပ်တည်ကြပေမယ့် အင်အားကြီးနိုင်ငံရဲ့ ပြဿနာဆိုရင် လက်ရှောင်၊ အင်အားသေးနိုင်ငံရဲ့ ပြဿနာဆိုရင် လက်မရွံ့ စံနှစ်ခုနဲ့ ရပ်တည်ကြတာ။ ဖိအားပေးမှုတွေကို လိုသလို သုံးတတ်လှချည်ရဲ့။

ခရီးသွားလာခြင်းကို သူတို့နှစ်သက်ကြတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်ကာလတုန်းကဆိုရင် မြန်မာနိုင်ငံမှာ တံခါးဖွင့်ဝါဒ ကျင့်သုံးလိုက်ချိန် အေဂျင်စီအကြီးအမှူး သုံးဦးအထိ ကျွန်တော်တို့ရဲ့ နိုင်ငံကို အပြေးအလွှား လာခဲ့ကြတယ်။ သုံးဦးအထိတောင် လာကြတယ်ဆိုပဲ။ သူတို့ လာခဲ့ပုံကို ကြည့်ပါဦး။ နိုင်ငံထဲဝင်လာတယ်။ ပုဂံအထိ သွားတယ်။ ဇိမ်ခံဟိုတယ်ခန်းမကြီးထဲ အတူတကွ တစိမ့်စိမ့် သောက်တယ်။ သူတို့အတွက် ဘဝဟာ စိုပြည်လွှန်းလှတယ်။ ဒါပေမယ့် နိုင်ငံငယ်လေးတွေက ပြည်သူတွေကို ကြည့်လိုက်ပြန်တော့ လူမှုဘဝတွေမှာ ဒုက္ခပင်လယ်ဝေနေဆဲပါ။

မကြာသေးမီကတော့ အတ္တဟိတသမားတွေကို မာလီနိုင်ငံက ကန်ထုတ်လိုက်တယ်။ မာလီပြည်သူတွေ **"ဝေးဟေးဟေး"** လို့ ဟစ်ကြွေးကြတယ်။ အခုအချိန်မှာတော့ မာလီပြည်သူတွေဟာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါပြီ။ သူတို့ရဲ့ နိုင်ငံကို သူတို့ကိုယ်တိုင် ပြန်လည်တည်ဆောက်နိုင်ပါပြီ။ မာလီမှာ အတ္တဟိတသမားတွေ ဘာတွေ အောင်မြင်မှု ရခဲ့ပါသလဲ။ မာလီနိုင်ငံက သာဓကဆောင်ပါတယ်။ အတ္တဟိတသမားတွေဟာ နိုင်ငံအကြီး၊ အငယ် အပေါ် မူတည်ပြီး ပြုမူဆက်ဆံနေကြပုံက ထင်ရှားပါတယ်။

အတ္တဟိတသမားတွေဟာ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအတွက် အဖြေမထုတ်ပေးနိုင်ပါဘူး။ အတ္တဟိတသမားတွေဟာ ပြဿနာတွေရဲ့ အတိမ်အနက်ကိုလည်း မသိ၊ နိုင်ငံငယ်လေးတွေရဲ့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေကိုလည်း နားမလည်ရှာကြပါ။

(၁၂-၇-၂၀၂၃ ရက်နေ့ The Global New Light of Myanmar သတင်းစာပါ Hypocrites ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။)



# HYPOCRITES

By Kyaw Myint Htun (Paris)

FOR ease of reference, let's refer to them as "SAPs", as in "self-absorbed people".

All the countries in the developing world, that have been bullied under the pretence of "democracy" and "human rights" by all these SAPs for decades, take note.

China and Russia, please note.

Shout out to all these self-absorbed and self-proclaimed "righteous", out-of-touch SAPs in the Ivory Towers in Geneva and New York! Paris is burning! Where are all these so-called "rapporteurs", "special envoys", "commissions", "groups of experts", "high-level experts", etc.?

Paris has been burning for days. Violence has spread to other cities across the country. SAPs have been slowed to catch up. Let alone a condemnation, there have been no statements of any kind from the SAPs across their sprawling organizations. A lone statement was made by a spokesperson in a Geneva-based outfit calling for "action", which was brushed aside by France as baseless. Since, there's not a single whisper. They are busy trying to open offices in India and China. Hey, Paris is just a short flight away from Geneva. Go pay a visit! Go to Lausanne where there are riots. Just take a train to Lausanne. When it comes to a country of their "Uncles" and "Aunties" they don't dare to say or do a thing.

One of their major organizations is even based in Paris. Everyone is quiet! This is one of the Western countries most of them plan to live in after retirement. They don't want to jeopardize any future chances of a comfortable retirement, visiting professor roles at prestigious universities, being enlisted as "experts" by think tanks, etc. SHHH!!!!! Let's not say anything.

Imagine similar development in Russian or China? SAPs would immediately demand a "fact-finding" visit. That "fact-finding" is one of their favourite expressions. After that, endless commissions and groups would be created to pay the way for endless investigations. Resolutions would be passed. If the country is a small developing (Paris) nation, sanctions would be imposed. They could go on and on.

Fighting against bullying is one of their favourite subjects. But they are the biggest bullies. They are experts at how to bully small developing countries. Multiple "Envoys" and "Representatives" would be appointed. Just look at how many such positions have been created for Myanmar. They use these positions to attack Russia and China. But when the big ones are involved, they can't say or do a thing. They are PNGd by the Western countries. So-called Human Rights experts are barred from visits. Life goes on! No one says a thing. But if similar actions are taken by small countries, watch out! There would be an onslaught of pressure.

Yes, they also love to travel. At one point around 2012-2013, just as Myanmar was just opening up, there were three Heads of Agencies visiting the country at once. Three! They arrive in the country. Travel to Bagan together. Have a sip together in a luxurious hotel lounge together. Life is good! But people in the small countries they are supposed to serve continue to suffer.

Recently SAPs were kicked out of Mali. Hallelujah! Now the citizens of Mali can truly create peace and genuinely rebuild their country. What did the SAPs achieve in Mali? Haiti should consider the same.

They are unable to treat and pay respect to people in small countries at the same level as those in big countries.

They will not bring any solution to the problems in Myanmar. They are SAPs oblivious to the problems, cultures and traditions of small countries.

■

# ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း နိုင်ငံတော်ဓာတ်အားစနစ်သို့ စတင်ထုတ်လုပ်ပို့လွှတ်ခြင်းနှင့် မြန်မာနိုင်ငံလျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး ဆောင်ရွက်ချက်များ

## လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍမှ အငြိမ်းစားအင်ဂျင်နီယာများ

**၂၀၂၃ ခုနှစ် မေလအတွင်းဝင်ရောက်တိုက်ခတ်ခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်တွင် သဘာဝဘေးအန္တရာယ်ဒဏ်ကို ကြုံတွေ့ခံစားခဲ့ရသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် အထူးပင် ကိုယ်ချင်းစာ စိတ်မကောင်းဖြစ်မိပါသည်။**

နိုင်ငံတော်အနေဖြင့်လည်း မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် မြေပြင်သို့ သွားရောက်ကာ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်ကိုလည်း ကျေနပ်အားရဖွယ် တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံတော်နှင့် အတူ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများကလည်း မုန်တိုင်းသင့်ဒေသရှိပြည်သူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဝမ်းမြောက်ကျေနပ်ဖွယ်ဖြစ်ပါသည်။

မုန်တိုင်းသင့်ဒေသများရှိ ပြည်သူလူထုများ၏ နေ့စဉ်လူနေမှုဘဝတွင် အဓိကအခြေခံလိုအပ်ချက်တစ်ခုဖြစ်သော လျှပ်စစ်ဓာတ်အားများ အမြန်ဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဝန်ထမ်းအင်အား ၁၁၀၀ ကျော်ခန့်အား စေလွှတ်ကာ အားသွန်ခွန်စိုက် ကြိုးပမ်းပြုပြင်ခဲ့ကြသည့်အတွက် ၇-၆-၂၀၂၃ ရက်နေ့တွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ရာ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ ရပ်ကွက်များသို့ လျှစ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း ပြန်လည်ဖြန့်ဖြူးပေးနေပြီ ဖြစ်ကြောင်းကိုလည်း ဝမ်းမြောက်ဖွယ် သိရပါသည်။ ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ပြတ်တောက်ခဲ့ရသော မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များကိုလည်း ပြန်လည်ချိတ်ဆက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ သေဆုံးထိခိုက်ပျက်စီးဆုံးရှုံးမှု သတင်းများကြောင့် ဝမ်းနည်းစိတ်မကောင်းဖြစ်နေရချိန်တွင် မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်မည့်အပြင် ရခိုင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသည့် သတင်းကောင်းတစ်ခုကိုလည်း ကြားသိခဲ့ရပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို ဇွန် ၁၄ ရက်က လေ့လာကြည့်ရှုစဉ်။

### ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ နိုင်ငံတော်ဓာတ်အားစနစ်သို့ စတင်ထုတ်လုပ်ပို့လွှတ်ခြင်း

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စီးပွားဖြစ်စတင် လည်ပတ်ခြင်း (Combined Cycle Commercial Operation)ကို မူလလျာထား သတ်မှတ်ချက်ထက် ပိုမိုဆောလျင်စွာစတင်နိုင်ခဲ့ပြီး ရခိုင်ပြည်နယ် အပါအဝင် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်နေပြီဖြစ်ကြောင်း သိရပါသည်။ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမှ ၉၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့်အပြင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံလည်ပတ်မှု (Combined Cycle Gas Turbine Operation) မှ မူလထက် ၄၅ မဂ္ဂါဝပ် သီးသန့်ပိုမိုရရှိစေသဖြင့် မူလ ၉၀ မဂ္ဂါဝပ်အတွက် အသုံးပြုသည့် ဓာတ်ငွေ့ပမာဏဖြင့်ပင် ၁၃၅ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပါသည်။ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၁၄၇ မဂ္ဂါဝပ်အထိ ထုတ်လုပ်ရန် အသင့်ဖြစ်နေပြီဖြစ်၍ Gas ပိုမိုရရှိသည်နှင့် လက်ရှိထုတ်လုပ်မှု ၁၃၅ မဂ္ဂါဝပ်ထက် ၁၂ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းလည်း သိရပါသည်။ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော နောက်ဆုံးပေါ် စွမ်းအားမြင့် Gas Turbine များကို အသုံးပြုထားသဖြင့် Heat Rate အထူးကောင်းမွန်ပြီး သဘာဝဓာတ်ငွေ့သုံးစွဲမှုနှုန်း (Gas Consumption) များစွာ လျော့နည်းသဖြင့် ဓာတ်အားခဈေးနှုန်း အထူးသက်သာစေပြီး Gas Engine များ ငှားရမ်းသုံးစွဲရသဖြင့် ကုန်ကျသော ဓာတ်အားခဈေးနှုန်းထက် များစွာလျော့နည်းသဖြင့် နိုင်ငံတော်အတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် သက်သာစေမည့် ဓာတ်အားပေးစက်ရုံလည်း ဖြစ်ပါသည်။

### ကိုဗစ်-၁၉ အကျပ်အတည်းများကြားမှ အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် စီမံကိန်းကာလ

ယခုကဲ့သို့ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စီးပွားဖြစ်လည်ပတ်မှု အောင်မြင်စွာ စတင်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာလ စီမံကိန်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အခက်အခဲ၊ အကျပ်အတည်းများနှင့် စီမံကိန်းကုမ္ပဏီမှ ရင်ဆိုင်ကျော်လွှားဆောင်ရွက်ခဲ့မှုများကို ပြန်လည်ကြားသိခဲ့ရပါသည်။ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းကို ကမ္ဘာ့အကြီးဆုံးကုမ္ပဏီအဆင့် ၁၀၇ ဖြစ်သည့် Powerchina Resources Ltd (Powerchina Group) က အစုရှယ်ယာ ၇၅ ရာခိုင်နှုန်းနှင့် မြန်မာတိုင်းရင်းသားပိုင် ၃၁ နှစ်သက်တမ်းရှိသည့် နည်းပညာဦးဆောင်မှုကုမ္ပဏီက အစုရှယ်ယာ ၂၅ ရာခိုင်နှုန်း ထည့်ဝင်ထားသည့် Kyauk Phyu Electric Power Co., Ltd မှ တည်ဆောက်၊ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ချိန်သည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သဖြင့် အခက်အခဲများ ကြုံတွေ့ရပြီး ပုံမှန်ထက် ပိုမိုအားစိုက်ဆောင်ရွက်ခဲ့ရပါသည်။ ကိုဗစ်ကာလအတွင်းမှာပင် လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်မပျက်စေရန် ကိုဗစ်ကာလ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ထပ်ဆောင်းကုန်ကျစရိတ်များ ကျခံရခြင်း၊ ဥရောပစက်ပစ္စည်းများ အပါအဝင် ကမ္ဘာ့ဈေးကွက်အသီးသီးမှ ဝယ်ယူရသည့် ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ ကိုဗစ်ကာလ Logistics Cost မြင့်တက်လာခြင်း စသည့်အခြေအနေများကြောင့် EPC Cost များ ပိုမိုကုန်ကျခဲ့ပြီး မူလသတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုပမာဏထက် များစွာပိုမိုကုန်ကျခဲ့၍ အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်ဖြင့် ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

Kyauk Phyu Electric Power Co., Ltd အနေဖြင့် ရင်းနှီးမြှုပ်နှံမှုစရိတ်များ မျှော်မှန်းသည်ထက် များစွာပိုမိုလာသော်လည်း မြန်မာနိုင်ငံကမ်းရိုးတန်းဒေသ၏ ပထမဦးဆုံး သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (CCGT Power Plant)ကို တည်ဆောက်နိုင်ခြင်း၊ ဓာတ်အားပေးစက်အနေဖြင့်လည်း နိုင်ငံတကာတွင် အလုံး ၃၀၀ ကျော် တပ်ဆင်အသုံးပြုပြီးဖြစ်သည့် ကမ်းရိုးတန်းဒေသများအတွက် အထူးဒီဇိုင်းထုတ်လုပ်ထားသော ဥရောပစက်ပစ္စည်းများ အသုံးပြုထားသဖြင့် အရည်အသွေးပိုင်းဆိုင်ရာ ယုံကြည်စိတ်ချရမှု အပြည့်ရှိခြင်း စသည်တို့ကြောင့် နိုင်ငံတော်အတွက် အထူးအကျိုးရှိသည့် စီမံကိန်းတစ်ခုကို ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများ စတင်ချိန်မှ ပြီးမြောက်သည်အထိ နားရက်မရှိဘဲ နိုင်ငံခြားသားအင်ဂျင်နီယာ ၂၀၀ ကျော် မြန်မာနိုင်ငံသားအင်ဂျင်နီယာနှင့် အခြားဝန်ထမ်း ၃၀၀ ကျော် စုစုပေါင်း ဝန်ထမ်းအင်အား ၅၀၀ ကျော်ဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲကာ အဆက်မပြတ်ဆောင်ရွက်ခဲ့ခြင်းနှင့် ကုမ္ပဏီက အကျိုးအမြတ်တစ်ခုတည်းကို အဓိကမကြည့်ဘဲ သတ်မှတ်ကာလအမီ စီမံကိန်းပြီးမြောက်အောင်မြင်ရေး ရင်းနှီးမြှုပ်နှံမှုစရိတ်များ ထပ်တိုးကျခံ၍ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်ကို စတင်ခံစားနေရပြီဖြစ်ပါသည်။ စီမံကိန်းသတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးသည့် ထူးခြားကောင်းမွန်သည့် မှတ်တမ်းကောင်းလည်း ရရှိသွားပြီဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**■ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော နောက်ဆုံးပေါ်စွမ်းအားမြင့် Gas Turbine များကို အသုံးပြုထားသဖြင့် Heat Rate အထူးကောင်းမွန်ပြီး သဘာဝဓာတ်ငွေ့သုံးစွဲမှုနှုန်း (Gas Consumption) များစွာလျော့နည်းသဖြင့် ဓာတ်အားခဈေးနှုန်း အထူးသက်သာစေပြီး Gas Engine များ ငှားရမ်းသုံးစွဲရသဖြင့် ကုန်ကျသော ဓာတ်အားခဈေးနှုန်းထက် များစွာလျော့နည်းသဖြင့် နိုင်ငံတော်အတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် သက်သာစေမည့် ဓာတ်အားပေးစက်ရုံလည်းဖြစ်**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန် တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်း ခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁) ကြိမ် လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါ ရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ➢ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။



ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများမှ သံရုံးအကြီးအကဲများ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို လေ့လာကြည့်ရှုစဉ်။

*စာမျက်နှာ ၁၀ မှ*

### မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းနေမှုများ

လျှပ်စစ်စွမ်းအင်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားလုံခြုံရေးတို့တွင် မရှိမဖြစ်လိုအပ်သည့် ကဏ္ဍဖြစ်သဖြင့် နိုင်ငံတော်အတွက် အရေးအကြီးဆုံးကဏ္ဍတစ်ခုအဖြစ် နိုင်ငံတော်က အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မကြာသေးမီက ရခိုင်ပြည်နယ်အတွင်း လေအားလျှပ်စစ်စီမံကိန်းများ (၃၆၀ မဂ္ဂါဝပ်) ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MOA) လက်မှတ်ရေးထိုးပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီစဉ်နေခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင်ကုမ္ပဏီနှင့်လည်း လေအားလျှပ်စစ်စီမံကိန်းသုံးခု ဆောင်ရွက်ရန် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နားလည်မှုစာချွန်လွှာ (MOU) များ လက်မှတ်ရေးထိုးပြီး စီမံကိန်းအကောင်အထည်ဖော်ရန် စီစဉ်နေခြင်းသည် ကောင်းမွန်သည့်အရွေ့တစ်ခု ဖြစ်ပါသည်။

နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ စီးပွားဖြစ်စတင်လည်ပတ်နေသည့်သတင်းများကိုလည်း ယခုနှစ်အတွင်း ခပ်စိတ်စိတ် ကြားသိနေရပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ ဆောင်ရွက်နေသကဲ့သို့ လာအို-မြန်မာ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ဓာတ်အားကုန်သွယ်မှု၊ တရုတ်- မြန်မာ နယ်စပ်ဖြတ်ကျော် ဓာတ်အားကုန်သွယ်မှုတို့ကိုလည်း ဆောင်ရွက်နေသဖြင့် မိမိတို့နိုင်ငံ၏ လတ်တလော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို သွယ်ယူဖြည့်ဆည်းနိုင်ပြီး နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပိုလျှံချိန်တွင် ၎င်းနိုင်ငံများသို့ ပြန်လည်ရောင်းချ၍ အာဆီယံဓာတ်အားကွန်ရက်နှင့် ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံများကို အဆင်သင့်ဖြစ်စေရန် စီမံဆောင်ရွက်နေကြောင်း ကျေနပ်အားရဖွယ် တွေ့ရှိရပါသည်။

ဓာတ်အားစနစ်၏ အခြေခံဝန်(Base Load)ကို ဖြည့်ဆည်းပေးရန်အတွက် LNG to Power စီမံကိန်းများ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ LNG to Power အတွက် LNG စာချုပ်ချုပ်ဆိုရာတွင် ကမ္ဘာသုံးစနစ် (Brent နှင့် Henry Hub) ဈေးကွက်များနှင့် ချိတ်ဆက်ပြီး နှစ်ရှည်စာချုပ်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းပုံစံဖြင့် ချုပ်ဆိုမည်ဆိုပါက အတက်အကျနည်းပြီး ခိုင်မာသင့်လျော်သည့် LNG ဈေးနှုန်းဖြစ်၍ လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဆင့်မှ ၁၁ ဆင့်အတွင်း (ရေနံစိမ်းဈေး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀~၁၀၀ ကြား)သာ ကျသင့်သဖြင့် အထူးသင့်လျော်သည့် နှုန်းထားဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအများစုမှ သုံးစွဲလျက်ရှိပါသည်။ ပြည်ပမှ တင်သွင်းသည့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစရိတ်သည် တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ ၁၅ ဆင့် မှ ၂၀ ဆင့် အတွင်း ကျသင့်သည်ဖြစ်၍ ပြည်တွင်းရှိ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါသည်။

### လျှပ်စစ်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ သဘောသဘာဝ

ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် အမြတ်အနည်းဆုံး လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပြီး EIRR 10 ~12% သာ ရှိပါသည်။ ဓာတ်အားဝယ်ယူသူ (Off-taker) များသည် နိုင်ငံအစိုးရများသာဖြစ်သောကြောင့် ခိုင်မာပြီး အာမခံမှုမြင့်မားသဖြင့်သာ ဤကဲ့သို့ အမြတ်အစွန်းနည်းပါးသည့် လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြခြင်း ဖြစ်ကြောင်း သိရပါသည်။ အရင်းကျေကာလသည် ၈ နှစ်မှ ၁၁ နှစ်အတွင်းရှိကြသဖြင့် ဘဏ္ဍာငွေပေးချေမှုဆိုင်ရာစံနှုန်းများကို နိုင်ငံတကာဘဏ်များနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများက အတည်ပြုတာဝန်ယူနိုင်မှသာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြပါသည်။ အရင်းကျေကာလ ကြာမြင့်သောကြောင့် ဘဏ္ဍာငွေပေးချေမှုဆိုင်ရာ စံနှုန်းတွင်ရရှိမည့် လျှပ်စစ်ဓာတ်အားခဈေးနှုန်း၊ ပေးချေသည့် ငွေကြေးအမျိုးအစား၊ စက်လည်ပတ်ခွင့်ကာလ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ အရင်းကျေကာလ စသည့် အဓိကဘဏ္ဍာရေးဆိုင်ရာ မူဝါဒအချက်အလက်များ ခိုင်မာမှုအရ တာဝန်ယူအာမခံပေးကြခြင်းဖြစ်ပြီး ၎င်းအဓိက ဘဏ္ဍာရေးဆိုင်ရာ မူဝါဒအချက်အလက်များ ပြောင်းလဲသွားပါက အရင်းကျေကာလသည် ၁၅ နှစ် ~ နှစ် ၂၀ သို့ ပြောင်းလဲသွားနိုင်ပြီး စီမံကိန်းတစ်ခုလုံးမှ အမြတ်မရခြင်း၊ အရှုံးပင်ပေါ်နိုင်ခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

### လျှပ်စစ်ကဏ္ဍအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေကြရသည့် အခြေအနေ

လျှပ်စစ်ကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုကြီးမားကာ အမြတ်နည်းပြီး နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရအာမခံကုမ္ပဏီများမှ အာမခံမှုပေးမှသာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းကဏ္ဍဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် Bankableဖြစ်သည့် စာချုပ် စာတမ်းများ၊ အစိုးရ၏အာမခံမှုများကို ထိရောက်စွာပေးပြီး ရင်းနှီးမြှုပ်နှံသူများအတွက် တာဝန်ယူပေးကြပါသည်။ ယခုကာလတွင် လျှပ်စစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည့် အိမ်နီးချင်းနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို အထူးမက်လုံးများပေး၍ ဖိတ်ခေါ်နေကြောင်း သိရပါသည်။ မြန်မာနိုင်ငံအတွက်လည်း လိုအပ်မှုအရှိဆုံးဖြစ်သည့် လျှပ်စစ်ကဏ္ဍတွင် အခြားနိုင်ငံများနှင့်အပြိုင် ဆွဲဆောင်ဖိတ်ခေါ်ရမည်ဖြစ်သဖြင့် လျှပ်စစ်ကဏ္ဍ၏ အခွင့်အလမ်းနှင့် အခြေအနေအရ မိမိတို့အတွက် လိုအပ်နေသည့် အချိန်ကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကမ္ဘာ့အဆင့်ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံကို အာမခံချက်ရှိသည့် ဦးစားပေးဈေးကွက်အဖြစ် လက်ခံသတ်မှတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေမည်ဟုလည်း ယုံကြည်ပါသည်။

လျှပ်စစ်ကဏ္ဍသည် ယခုရေတွင်းတူး၊ ယခုရေကြည်သောက် ဆောင်ရွက်၍ မရသည့် ကဏ္ဍဖြစ်ပြီး အဓိကကဏ္ဍကြီး လေးခုဖြစ်သည့် ဓာတ်အားထုတ်လုပ်မှု (Power Generation)၊ ဓာတ်အားသွယ်တန်းမှု (Power Transmission)၊ ဓာတ်အားစနစ်စီမံကွပ်ကဲမှု (Power System)နှင့် ဓာတ်အားဖြန့်ဖြူးမှု (Power Distribution) တို့ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် အရေးကြီးသဖြင့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် စီမံကိန်းအမျိုးအစားအပေါ်မူတည်၍ အနည်းဆုံး ၃ နှစ်မှ ၁၀ နှစ်ခန့်အထိ အချိန်ယူဆောင်ရွက်ရလေ့ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အဖွဲ့၏ တွက်ချက်ခန့်မှန်းချက်အရ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ကြောင်း သိရပါသည်။ ထိုသို့ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သည့် ကဏ္ဍ ဖြစ်သော်လည်း နိုင်ငံတော်အစိုးရက အထူးဦးစားပေးကဏ္ဍအဖြစ် ဆောင်ရွက်နေပြီး ကမ္ဘာ့အဆင့်ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးနေသဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍသည် အချိန်ကာလတစ်ခုအတွင်း အဆင်ပြေအောင်မြင်သွားမည်ဟု ယုံကြည်ပါသည်။ ။

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည် တို့ တွေ့ဆုံဆွေးနွေးမှုများလုပ်ခဲ့ကြောင်း နိုင်ငံတကာမီဒီယာများတွင် ဖော်ပြနေမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

နေပြည်တော် ဇူလိုင် ၁၃

**ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးသည် ဇူလိုင်လ ၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ခဲ့ကြောင်း နိုင်ငံတကာမီဒီယာများတွင် ဖော်ပြနေတာ တွေ့ရှိပါသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုလို ဖြေကြားထားပါသည်။**

ကျွန်တော်တို့ ထိုင်းနိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Don Pramudwinai ကတော့ မြန်မာနိုင်ငံကို တနင်္ဂနွေ ၉ ရက်နေ့မှာ ရောက်ရှိလာတာရှိပါတယ်။ နိုင်ငံတကာ သတင်းတွေမှာ ဖော်ပြနေသလို ဒေါ်အောင်ဆန်းစုကြည် နဲ့လည်း တွေ့ဆုံခဲ့တာရှိပါတယ်။ နှစ်ယောက်ချင်း တွေ့ဆုံတာလည်း ဖြစ်ပါတယ်။ တွေ့ဆုံချိန်ကတော့ တစ်နာရီခွဲ နီးပါးလောက် ကြာပါတယ်။ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် တွေ့ဆုံတာဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် တွေ့ဆုံတဲ့အတွက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအနေနဲ့လည်း ဆွေးနွေးချင်တဲ့ အချက်များကို လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ပါတယ်။ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့တာ ဖြစ်တဲ့အတွက် ဆွေးနွေးချက်ကိုတော့ ကျွန်တော်တို့ အသေးစိတ် မသိရှိပါဘူး။ ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်ချက်အရတော့ ဒေါ်အောင်ဆန်းစုကြည်လည်း ကျန်းမာရေး ကောင်းမွန်ကြောင်း သိရှိရပါတယ်။






# မြဝတီမြို့၌ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရှင်များအား တစ်ဘာသာလျှင် ရွှေတစ်မတ်သား ဆုချီးမြှင့်

မြဝတီ ဇူလိုင် ၁၃

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြဝတီမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်အောင်သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား မြဝတီခရိုင်နှင့် မြို့နယ်စစ်ဘက်နယ်ဘက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံမြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ပွဲကို မြဝတီမြို့ City Home ခန်းမ၌ ဇူလိုင် ၁၁ ရက်က ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သဃ်န်းညီနောင်အခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းထွန်းလတ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်ရာတွင် ဂုဏ်ထူးတစ်ဘာသာလျှင် ရွှေတစ်မတ်သားနှုန်းဖြင့် ချီးမြှင့်ခြင်းဖြစ်ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် ဆရာ ဆရာမ လေးဦးတို့အတွက် စုစုပေါင်း ရွှေ ၁၄ ကျပ်ခွဲသား ချီးမြှင့်ခဲ့ခြင်းဖြစ်ကာ မြို့နယ်အတွင်း ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး စုစုပေါင်း ၃၆ ဦးထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀)မျိုးစာရင်း




- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်




- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

# အိန္ဒိယဝန်ကြီးချုပ် ပြင်သစ်နိုင်ငံနှင့် ယူအေအီးနိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နယူးဒေလီ ဇူလိုင် ၁၃**

အိန္ဒိယဝန်ကြီးချုပ် နာရန် ဒရာမိုဒီသည် ဇူလိုင် ၁၃ ရက်တွင် ပြင်သစ်နိုင်ငံနှင့် ယူအေအီးနိုင်ငံတို့သို့ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်ဟု အိန္ဒိယ ပြည်ပရေးရာဌာနက ကြေညာခဲ့သည်။

ပြင်သစ်နိုင်ငံသို့သွားရောက်သည့်ခရီးစဉ်အတွင်း ပြင်သစ်အမျိုးသားနေ့ပွဲ ကျင်းပသည့် အခမ်းအနားသို့ အိန္ဒိယဝန်ကြီးချုပ် တက်ရောက်မည်ဖြစ်သည်။ ယခုနှစ်သည် အိန္ဒိယ-ပြင်သစ်ဆက်ဆံရေး (၂၅) နှစ်မြောက်နှစ်လည်း ဖြစ်သည်ဟု မိုဒီက ၎င်း၏ခရီးစဉ်မစတင်မီ ပြောကြားခဲ့သည်။



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ။

အာကာသ၊ ချုံကလီးယား၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည် ဖြစ်သည်။ ဇူလိုင် ၁၅ ရက်တွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ယူအေအီးနိုင်ငံသည် (၂၈) ကြိမ်မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ကွန်ဗင်းရှင်း ညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။ ပါရီ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် စွမ်းအင်ကဏ္ဍ အကူးအပြောင်းတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် အမြင်ချင်းဖလှယ်ကြရန် မျှော်မှန်းထားကြောင်း မိုဒီက ပြောသည်။ **ဆင်ဟွာ**

# ဂျပန်ကမ်းရိုးတန်းဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံရေးသမားတစ်ဦးသေဆုံး

**တိုကျို ဇူလိုင် ၁၃**

ဇူလိုင် ၁၂ ရက်က ဂျပန်ကမ်းရိုးတန်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့်လည်းကောင်း၊ ရွှံ့မြေပြိုကျမှုများ ဖြစ်ပွားခဲ့သောကြောင့်လည်းကောင်း ဂျပန်နိုင်ငံ ကမ်းရိုးတန်းခရိုင်ဖြစ်သော တိုယာမာခရိုင်တွင် ပျောက်ဆုံးလျက်ရှိသော မြို့နယ်လွှတ်တော်အဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း ဇူလိုင် ၁၃ ရက်က ဒေသတွင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

သေဆုံးသွားသော နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် နိုဘူဟီကို အာကာအီခဲကို ရွှံ့မြေပြိုကျမှုများ ဖြစ်ပွားခဲ့သည့်နေရာတွင် ဇူလိုင် ၁၃ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့ကို ကိုးကား၍ ကျိုဒိုသတင်းက ဖော်ပြခဲ့သည်။

နိုဘူဟီကိုသည် အနီးရှိ မြစ်ချောင်းရေလျှံမှုကြောင့် အနီးဝန်းကျင်ဒေသရှိ ဒေသခံများကို ရေဘေးအန္တရာယ်က လွတ်မြောက်အောင် ထွက်ပြေးရန် တိုက်တွန်းပြောကြားနေစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။



ဂျပန်ကမ်းရိုးတန်းတွင် တည်ရှိသည့် အီရှီကာဝါနှင့် တိုယာမာခရိုင်တို့၌ ဇူလိုင် ၁၂ ရက်ကတည်းက မိုးတိမ်တောင်များ ထူထပ်စွာဖြစ်ထွန်းခဲ့သည်။

အီရှီကာဝါခရိုင် ခါဟိုကူဒေသ၌ ညအချိန် ခြောက်နာရီကြာ ရွာသွန်းခဲ့သော မိုးရေချိန်သည် ၁၉၉ မီလီမီတာအထိ စံချိန်တင်ရောက်ရှိခဲ့ပြီး တိုယာမာခရိုင် ကာမီအီချီ၌ မိုးရေချိန်သည် ၁၇၀ ဒသမ ၅ မီလီမီတာအထိ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် မိုးထစ်ချုန်းပြီး မိုးသည်းထန်စွာရွာသွန်းမည်ဟု ဂျပန်မိုးလေဝသဌာနက ခန့်မှန်းခဲ့သည်။ **ဆင်ဟွာ**

# နယူးဒေလီ၌ ရေကြီးနေ၍ ကျောင်းများအားလုံး ပိတ်ထား

**ဒေလီ ဇူလိုင် ၁၃**

အိန္ဒိယနိုင်ငံ၏ မြို့တော်ဒေလီ၌ ရေကြီးမှုအန္တရာယ်ကြောင့် ဇူလိုင် ၁၆ ရက်အထိ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို ပိတ်ထားကြောင်း ဒေလီမြို့ဝန်ကြီးချုပ် အာဗင့် ကက်ဂျ်ရီဝယ်က ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

ဒေလီမြို့သို့ဖြတ်သန်းစီးဆင်းသည့် ယမုံနာမြစ်၏ ရေမျက်နှာပြင်မှာ စိုးရိမ်ဖွယ်အမှတ်အသားအထက်တွင် ဆက်လက်တည်ရှိပြီး နေရာအများအပြားတွင် ရေကြီးမှုအခြေအနေများ ဖြစ်ပေါ်နေကြောင်း ၎င်းက ဆက်ပြောသည်။ ရေဘေးသင့် ဒေသများအနီးရှိ စာသင်ကျောင်းများ အတွင်း၌ ကယ်ဆယ်ရေး စခန်းသစ်များ ပြုလုပ်မည်ဖြစ်သည်။ ထို့နောက် ဒေလီဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ အစည်းအဝေး တစ်ခုပြုလုပ်ခဲ့ပြီးနောက် စာသင်ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် အခြားပညာရေးဆိုင်ရာ အဖွဲ့အစည်းများကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မဖြစ်မနေ လိုအပ်သည့် ဝန်ဆောင်မှုများ ပေးရသည့် ရုံးများမှလွဲ၍ အစိုးရရုံးအားလုံးကို နောက်ရက် အနည်းငယ်အတွင်း အိမ်မှ အလုပ်လုပ်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကရုံးများကိုလည်း ထိုကဲ့သို့ လုပ်ဆောင်ရန် အကြံပြုချက်များ ထုတ်ပြန်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။ **ဆင်ဟွာ**



ဇူလိုင် ၁၃ ရက်နံနက်ပိုင်းက ယမုံနာမြစ်၏ ရေမျက်နှာပြင်မှာ ၂၀၈ ဒသမ ၄၈ မီတာအထိ မြင့်တက်လာမှုကို တွေ့ရစဉ်။

# လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကိုအဖြေရှာရန် ဆူဒန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ကိုင်ရိုမြို့၌ အစည်းအဝေးကျင်းပ

**ကိုင်ရို ဇူလိုင် ၁၃**

ဆူဒန်တပ်ဖွဲ့နှင့် Rapid Support Forces တို့ကြား ဆက်လက်ဖြစ်ပေါ်နေသည့်တိုက်ပွဲများ ချုပ်ငြိမ်းသွားစေရေးအဖြေရှာရန်အတွက် ဆူဒန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည် ဇူလိုင် ၁၃ ရက်က ကိုင်ရိုမြို့၌ အစည်းအဝေးကျင်းပခဲ့သည်ဟု သိရသည်။

**ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာရန်**

အစည်းအဝေးသို့ တက်ရောက်သည့်နိုင်ငံများသည် ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာရန်နှင့် လုပ်ငန်းစဉ်များ အကျိုးသက်ရောက်မှုရှိစေရေးတို့အတွက် ရည်ရွယ်သည်ဟု အီဂျစ်သမ္မတက ပြောသည်။ အဆိုပါအစည်းအဝေးကို အီဂျစ်သမ္မတ အဗ္ဗဒယ် ဖာတာ အယ် စီစီက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ချဒ်၊ အီရီထရီယား၊ အီသီယိုးပီးယား၊ လစ်ဗျားနှင့်တောင်ဆူဒန်တို့မှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

**ပျက်စီးမှုများကို ဦးတည်နေ**

လက်ရှိဆူဒန်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေပြီး ပျက်စီးမှုများကို ဦးတည်နေသည်ဟု အီဂျစ်သမ္မတက ပြောသည်။

**ဧပြီ ၁၅ ရက်မှစတင်ကာ တိုက်ပွဲများစတင်ခဲ့**

တိုက်ပွဲများ ဖြစ်ပေါ်နေသည့်နှစ်ဖက်စလုံးကို တင်းမာမှုများ ဖြေလျှော့ကာ ဆွေးနွေးညှိနှိုင်းမှုများစတင်ရန်အတွက် တောင်းဆိုခဲ့သည်။ ဧပြီ ၁၅ ရက်မှစတင်ကာ မြို့တော်ခါတွန်နှင့် အခြားသောနေရာများတွင် ဆူဒန်တပ်ဖွဲ့နှင့် Rapid Support Forces တို့ကြား တိုက်ပွဲများ စတင်ခဲ့သည်။

**ဆင်ဟွာ**



ဆူဒန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အစည်းအဝေးကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပခဲ့ပြီး ဆူဒန်ပဋိပက္ခငြိမ်းချမ်းစွာ အဖြေရှာရေး ဦးစားပေးဆွေးနွေးမှုများ ပြုလုပ်နေကြစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အေဒီဘီဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးငွေခွင့်ပြုပေး

**မနီလာ ဇူလိုင် ၁၃**

မြို့နယ်ပေါင်း ၈၈ ခုရှိ ပြည်သူများ အဆင်ပြေပြေ နေထိုင်စေနိုင်ရေးနှင့် စဉ်ဆက်မပြတ် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အကူအညီအပေးရန် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခွင့်ပြုပေးခဲ့သည်။ အဆိုပါ ချေးငွေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိပြည်သူ ၇ ဒသမ ၆ သန်းကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

မြို့ပြအုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် မြို့ပြအုပ်ချုပ်မှုတိုးတက်ကောင်းမွန်စေရေးနှင့် မြို့ပြစည်ပင်သာယာရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်သည်ဟု မနီလာမြို့အခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) က ပြောသည်။

အေဒီဘီဘဏ်၏ ချေးငွေဖြင့် မြို့ပြအုပ်ချုပ် မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်နှင့် စောင့်ကြည့်အကဲဖြတ်သည့်စနစ်တို့တွင် တိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်သည်။

အမျိုးသမီးများ၏ခေါင်းဆောင်မှုကဏ္ဍ မြှင့်တင်ရန်၊ အမျိုးသမီးများအတွက် သီးသန့်လိုအပ်ချက်များကိုပြည့်မီအောင် စွမ်းဆောင်ပေးရန်နှင့် သဘာဝဘေးဒဏ်ခံ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ ဖန်တီးရန်တို့အတွက် အဆိုပါချေးငွေဖြင့် အထောက်အကူပြုသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# မိုခါမုန်တိုင်းကာလအလွန် ရခိုင်ပြည်နယ်ရှိ မြို့နယ်များအားလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ

**နေပြည်တော် ဇူလိုင် ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့၊ မြေပုံမြို့၊ ရသေ့တောင်မြို့နှင့် ပေါက်တောမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့အား ဇွန် ၇၊ ၁၈၊ ၂၃ ရက်နှင့် ဇူလိုင် ၅ ရက်တို့တွင် ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ကျန်ရှိနေသော မြို့များနှင့် ကျေးရွာများအား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၆၆ ကေဗွီရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ယနေ့နံနက် ၁၁နာရီ ၂၃ မိနစ်တွင် ဘူးသီးတောင်မြို့ရှိ ၆၆/၁၁ ကေဗွီ , ၅ အမ်ဗွီအေ ဘူးသီးတောင်ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၄) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ ၇၅ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာရှိ မီးသုံးသူ ၅၂၇၃ ဦးတို့ကိုလည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မောင်တောမြို့ရှိ ၆၆/၁၁ ကေဗွီ , ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၄) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ ၈၁ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာရှိ မီးသုံးသူ ၆၄၇၄ ဦးတို့အားလည်းကောင်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးထားပြီးဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးသွားသည့် မြို့နယ် ၁၀ မြို့နယ်ကို ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သောကြောင့် မိုခါမုန်တိုင်းကာလအလွန် ရခိုင်ပြည်နယ်ရှိ မြို့နယ်များအားလုံး ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဘူးသီးတောင်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးထားစဉ်။



မောင်တောဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးထားစဉ်။



ဘူးသီးတောင်ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်ကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးထားစဉ်။



မောင်တောဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်ကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးထားစဉ်။



ဘူးသီးတောင်ဓာတ်အားခွဲရုံမှ လမ်းမီးများ ပြန်လည်ဖြန့်ဖြူးထားစဉ်။



မောင်တောဓာတ်အားခွဲရုံမှ လမ်းမီးများ ပြန်လည်ဖြန့်ဖြူးထားစဉ်။

## ပြည်နယ်အစိုးရများ အစီအစဉ်ဖြင့် IDP/ ယာယီတိုက်ပွဲရှောင်များအား ထောက်ပံ့ကူညီ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီက ဦးဆောင်၍ ပြည်နယ်အဆင့်ကော်မတီများဖြစ်သည့် ကချင်၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က IDP / ယာယီတိုက်ပွဲရှောင်များအား ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မေလအတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့နယ် စီတာပူဆွတ်ငိုင်တောင်နှစ်ခြင်းစခန်း၊ ရွှေစက်နှစ်ခြင်းစခန်း၊ နန်းကွေ့စိန်ယောဟန် IDP စခန်း၊ ပလနစိန်ဂျိုးဇက် IDP စခန်း၊ ဂျန်မိုင်ကောင်းနှစ်ခြင်း IDP စခန်းနှင့် ဝိုင်းမော်မြို့နယ် မိုင်းနားဖွံ့ဖြိုးရေးခြံ KBC ယာယီတိုက်ပွဲရှောင်စခန်း၊ နောင်ဟီးယာယီတိုက်ပွဲရှောင်စခန်းတို့ရှိ အိမ်ထောင်စုပေါင်း ၃၈၀ အတွက် ငွေကျပ် ၄၉ ဒသမ ၉၀၂ သန်း တန်ဖိုးရှိထောက်ပံ့ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ကူညီခဲ့သည်။

အလားတူ ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၄၃၂ စုအတွက် ဆန်အိတ် ၅၂၃ အိတ်နှင့် ဆီ ၂၁၆ ပိဿာ၊ ဖာပွန်မြို့နယ် ကမမောင်းမြို့သို့ ရောက်ရှိလာသော ဖာပွန်မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စု ၇၇၈ စုအတွက် ဆန်အိတ် ၈၄၃ အိတ်နှင့် ဆီ ၃၈၉ ပိဿာတို့ကို ထောက်ပံ့ကူညီခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မြေပုံနှင့် ကျောက်ဖြူမြို့နယ်များအတွင်းရှိ IDP စခန်းများသို့ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပင်လောင်းမြို့နယ်ရှိ နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၄၂၁ စုအား ထောက်ပံ့ငွေကျပ် ၄ ဒသမ ၈၅ သန်းကို လည်းကောင်း ထောက်ပံ့ ကူညီမှုများကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ဝင်းထွန်း**

## အခြေခံပညာအထက်တန်းကျောင်း (ပေါက်တော)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော

**ပေါက်တော ဇူလိုင် ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (ပေါက်တော)ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စံလှဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွေးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၀၅၅ | ၂၁၃၅ | ၂၀၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၃၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၇၀ | ၂၀၇၀ | ၂၄၀၀ | ၂၈၂၀ |
| 95 Ron | ၂၁၈၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၂၆၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၅၅ | ၂၂၈၅ | ၂၂၅၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၇၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၅ | ၂၂၅၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၇၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၇၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၆၈၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၇၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၆၈၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၇ | ၂၀၅၀ |
| 95 Ron | ၂၀၈၉ | ၂၁၆၄ |
| HSD (500 ppm) | ၁၉၉၇ | ၂၀၆၇ |
| HSD (50 ppm) | ၂၀၇၁ | ၂၁၄၂ |
| HSD (10 ppm) | ၂၀၇၁ | ၂၁၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၀၉၈၈၀၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၁၃

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# အတ္တ ပရ မျှမျှတတ ရောင်းဝယ်ဖောက်ကားကြစို့လား

ခင်သန်းမြင့်

**ဒီနေ့တော့ သားငါးတွေက စားရတာ ရိုးအီလာတာကတစ်ကြောင်း၊ မတန်တဆ ဈေးခေါင်ခိုက်နေတာကတစ်ကြောင်းကြောင့် မြိုးမြိုး ချွေတာတဲ့အနေနဲ့ ပဲကုလားဟင်းလေးချက်ပြီး ငရုတ်သီးဆားထောင်း၊ ဒါမှမဟုတ် ငါးပိထောင်းလေးနဲ့ပဲ စားတော့မယ်လို့ စိတ်ကူးထားတယ်။ကျွန်မတို့လို သာမန်အိမ်ရှင်မတွေအဖို့တော့ နေ့တိုင်းဟင်းကောင်းချည်းပဲ ဘယ်ချက်စားနိုင်ပါ့မလဲ။ ဝင်ငွေထွက်ငွေမျှတအောင်၊ မိသားစုတွေလည်း လျှာရင်းမြက်အောင် ဒီလိုပဲ တွေးတောကြံဆဝယ်ရခြမ်းရတာပါပဲ။ တကယ်တော့ သားငါးပါမှ စားလို့မြိန်တာမှ မဟုတ်တာ။ အစပ်အဟပ်တည့်အောင် စီမံချက်ပြုတ်နိုင်ရင်လည်း ထမင်းမြိန်တာပါပဲ။**

ရှေးလူကြီးတွေပြောသလို ရှိတာလေးနဲ့လှအောင်ဝတ်၊ ရတာလေးနဲ့ဝအောင်စားတာပဲ ကောင်းပါတယ်။ ကိုယ်ရတဲ့ဝင်ငွေထက် ထွက်ငွေက ပိုများနေရင်တော့ အကြွေးတင်မှာပဲလေ။ ပိုပိုလျှံလျှံ သုံးစွဲချင်ရင်တော့ ပိုပြီးကြိုးစားလုပ်ကိုင်ရှာဖွေကြရမှာပေ့ါ။

အိမ်ထောင်စုတစ်စုလိုပဲ နိုင်ငံတစ်နိုင်ငံဆိုလည်း ဝင်ငွေနဲ့ ထွက်ငွေမျှတအောင်၊ မကုန်သင့်တာမကုန်ရအောင်၊ နိုင်ငံ့ဝင်ငွေတိုးတက်အောင်၊ ငွေပိုငွေလျှံရအောင် စီမံခန့်ခွဲကြရတာပါပဲ။

### ပြည်တွင်းဖြစ် ထုတ်ကုန်တွေကို အသုံးပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၃၀-၆-၂၀၂၃ ရက်က ကျင်းပတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးမှာ အသုံးစရိတ်ချွေတာရေးနဲ့ပတ်သက်ပြီး မဖြစ်မနေသုံးစွဲရန် လိုအပ်သည်များမှအပ ချွေတာသုံးစွဲကြဖို့၊ ဖြုန်းတီးမှုတွေမဖြစ်စေရေးအတွက် အသုံးစရိတ်များကို စနစ်တကျသုံးစွဲကြဖို့၊ အသေးစိတ်ကစပြီး ခြိုးခြံချွေတာနိုင်မှ ပြည်တွင်း လိုငွေပြမှုနဲ့ နိုင်ငံခြားလိုငွေပြမှုတွေကို လျှော့ချနိုင်မယ်၊ ဒါကြောင့် ပြည်ပမှဝယ်ယူသုံးစွဲခြင်းထက် ပြည်တွင်းဖြစ် ထုတ်ကုန်တွေကိုအသုံးပြုဖို့ ပြောကြားသွားတာ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။

တစ်ဆက်တည်းမှာပဲ "ပြည်ပသို့တင်ပို့မှုမှ ရရှိသည့်ရောင်းရငွေနှင့် ပြည်ပမှ ဆီတင်သွင်းမှုကြောင့် ကုန်ကျငွေများမှာ မကာမိသည်ကို တွေ့ရှိရကြောင်း၊ မြေပဲနှင့် နှမ်းများကို ပြည်ပသို့ တင်ပို့ခြင်းမရှိဘဲ ပြည်တွင်းဆီထုတ်လုပ်မှုအတွက်သာ အသုံးပြုမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်စဉ်ပြည်ပမှဒေါ်လာသန်း ၆၀၀ ဖိုးခန့် ဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း" ပြောကြားသွားခဲ့တယ်။

အလားတူပဲ ကြက်သွန်ဖြူအချို့ကိုလည်း ပြည်ပက တင်သွင်းနေရပြီး အာလူးစိုက်ပျိုးမှုမှာလည်း ပြည်တွင်းလိုအပ်ချက်လုံလောက်ရုံသာ စိုက်ပျိုးထုတ်လုပ်နိုင်သေးတယ်။ မီးဖိုချောင်သုံးသီးနှံတွေဖြစ်တဲ့ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးတို့ဟာ မိမိတို့နိုင်ငံမှာ မရှိမဖြစ်စားသုံးတဲ့ သီးနှံများဖြစ်သလို နိုင်ငံ့စီးပွားမြှင့်တင်ရေးမှာလည်း ကဏ္ဍတစ်ခုအနေနဲ့ ပါဝင်နေတယ်။

မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်လို့လည်း ကြက်၊ ဝက်၊ ဆိတ်၊ နွားနဲ့ ငါးတို့ဟာ ကိုယ့်နိုင်ငံမှာ မွေးမြူဖြစ်ထွန်းတယ်။ ဒါပေမယ့် အသားငါးများရဲ့ဈေးနှုန်းတွေက မြင့်တက်နေတယ်။ အရေအတွက် များများထုတ်လုပ်နိုင်မှသာ များများရောင်းချနိုင်မှာဖြစ်တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအား မျှတအောင် မွေးမြူဖို့လိုတယ်လို့ ပြောကြားသွားတာကိုလည်း ဖတ်လိုက်ရတယ်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးကျင်းပတာက ဇွန် ၃၀၊ သတင်းစာထဲမှာက ဇူလိုင် ၁ ရက်ဆိုတော့ သတင်းစာဖတ်ရင်း ကျွန်မဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို သတိရသွားတယ်။

ဗိုလ်ချုပ်က "ကျွန်တော်တို့မြန်မာတွေမှာ ဆီမရှိလို့ မစားနိုင်ဘူးလို့ ပြောကြတယ်။ ဆီမရှိလို့မစားနိုင်တာ မှန်ပါတယ်။ သို့သော်လည်းပဲ ဒီဆီကို ဘာအတွက်သုံးနေကြသလဲ။ ဖုံးပေါလအောသုံးသလား မသုံးဘူးလားဆိုတာ ဈေးတွေသွားကြည့်ပါ။ အိမ်တွေသွားကြည့်ပါ။ သိနိုင်ပါတယ်။ တခြားနိုင်ငံကို သွားကြည့်ရင် ဆီကို ဒီလိုဖုံးပေါလအောသုံးသလား မသုံးဘူးလားဆိုတာ သွားကြည့်ရင် သိနိုင်ပါလိမ့်မယ်။ ခင်ဗျားတို့စိတ်ထဲမှာတော့ ဘာမှအရေးမကြီးဘူးလို့ထင်တယ်။ ခင်ဗျားတို့ဆီတွေ ဖုံးပေါလအောသုံးသည့်အတွက်ကြောင့် အိန္ဒိယပြည်က နှစ်စဉ် ဆီတွေအမြောက်အမြား သွင်းနေရတယ်။ အဲဒါဈေးကြီးတဲ့အထဲမှာ အကြောင်းတစ်ရပ်ပဲ။

ပြီးတော့ ငရုတ်၊ ကြက်သွန်ကိုကြည့်ပါ။ မြန်မာပြည်မှာ ကိုယ့်ဘာသာကိုယ်စိုက်လို့ မရဘူးလား၊ ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာစိုက်ထားတယ်။ အိမ်ရာကွက်လပ်ရှိတဲ့ နေရာမှာရှိတဲ့လူတွေက စိုက်ကြပါလား၊ ဒီလိုတော့ မစိုက်ကြဘူး။ ဈေးထဲမှာ ဝယ်စားတော့ အဲဒီ ငရုတ်၊ ကြက်သွန်တွေ ဘယ်ကလာသလဲ။ အိန္ဒိယပြည်ကလာတယ်။ အိန္ဒိယပြည်ကလာတော့ အိန္ဒိယပြည်ကို ခင်ဗျားတို့ ပိုက်ဆံပေးနေရတယ်။ ဒီတိုင်းပြည်မှာ ရနိုင်တဲ့ပစ္စည်းကို တခြားနိုင်ငံ ဝယ်ရတဲ့အတွက် ဈေးတွေကြီးတယ်ဆိုတာဟာ အခုလိုမျိုး အကြောင်းမျိုးတွေကြောင့်ပဲ" ဆိုပြီး မြန်မာပြည်သူတွေကို သူ့နောက်ဆုံးမိန့်ခွန်းမှာ ထည့်ပြောသွားတာကိုး။

> **သက်ဆိုင်ရာ တာဝန်ရှိသူအပိုင်းကလည်း ဒီလို အများအကျိုးကို မျက်ကွယ်ပြု၊ အတ္တကို လွန်လွန်ကဲကဲ ရှေ့တန်းတင်နေကြတဲ့ ဝိသမလောဘသားတွေကို ဒီအတိုင်းကြည့်မနေကြပါနဲ့။ စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ထိန်းချုပ်ပေးပါဦး။ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက်ဆိုရင် ဘက်စုံထောင့်စုံ ဘက်ပေါင်းစုံက ညီညီညာညာ၊ အချိတ်အဆက်မိမိ ဆောင်ရွက်မှသာ ဖြစ်မှာလေ။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးမှာ "စီးပွားရေးကောင်းမွန်မှုကို နိုင်ငံများ၌ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍစသည့် ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြည့်၍ နိုင်ငံ၏ GDP ကို တွက်ချက်ကြသည်ကို တွေ့ရကြောင်း၊ လယ်ယာစိုက်ပျိုးရေးတွင် မြေကိုအကျိုးရှိစွာအသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှုအချိုးသည် များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်များလည်း များစွာတိုးတက်ပြောင်းလဲသွားနိုင်ကြောင်း" ပြောကြားသွားခဲ့ပါတယ်။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များ

ဇူလိုင် ၂ ရက် ရန်ကုန်မြို့ UMFCCI မှာကျင်းပတဲ့ မြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံပွဲမှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်က "မိမိတို့တာဝန်ယူရသည့်အချိန်တွင် ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပိုလျှံပါက ပြည်ပသို့ တင်ပို့နိုင်သည်အထိပါ စီမံဆောင်ရွက်လျက်ရှိကြောင်း။ UMFCCI အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

UMFCCI သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း။

အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး တိုက်တွန်းပြောကြားလိုကြောင်း" စသဖြင့်ဆွေးနွေးမှာကြားသွားပါတယ်။

ဒါ့အပြင် UMFCCI ဟာ ရောင်းဝယ်မှုများကို အဓိကဆောင်ရွက်တဲ့အဖွဲ့ဖြစ်တဲ့အတွက် ထုတ်ကုန်ပစ္စည်းများရှိမှသာ ရောင်းဝယ်မှုများကိုဆောင်ရွက်နိုင်မယ်။ အရေအတွက်များများ ရောင်းချနိုင်ရေးကိုကြိုးပမ်းဆောင်ရွက်ဖို့နဲ့ ထိုက်သင့်တဲ့အမြတ်နဲ့သာ ရောင်းချဖို့၊ နိုင်ငံအကျိုးအတွက်လည်းကြည့်ပြီး ချိန်ဆဆောင်ရွက်ကြဖို့ကိုလည်း ပြောကြားသွားပါတယ်။

### အတ္တ ပရ မျှမျှတတ

ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုလို့ တစ်နေ့က ဒူးရင်းသီးဝယ်ပြီးအပြန် စိတ်ထဲ ကသိကအောက်ဖြစ်ခဲ့ရပုံကို ပြန်ပြီးအမှတ်ရမိတယ်။ ပြီးခဲ့တဲ့ရက်က လခထုတ်ရက်လည်းဖြစ်၊ ဒီရာသီမှာ ဒူးရင်းသီးလည်းတစ်လုံးမှမစားဖြစ်သေးလို့ သံတောင်သီးဆိုလား၊ တောင်ငူသီးဆိုလား တစ်လုံးဝယ်စားဖြစ်တယ်။ သေးသေးလေးလေးတစ်လုံးကို ငါးထောင်တောင်ပေးခဲ့ရတယ်။

ဈေးသည်ကောင်လေးကို ဓားဦးဖျားနဲ့ ကော်ခိုင်းပြီး မှည့်မမှည့်၊ ကောင်းမကောင်း အရင်ဆုံးမြည်းစမ်းကြည့်မိတယ်။ စိတ်တိုင်းမကျလို့ "ဒူးရင်းသီးလေးတွေက သေးတယ်နော်၊ နောက်တစ်လုံးမြည်းလို့ရဦးမလား"ဆိုတော့ "ကြီးကြီးစားချင်ရင် ယိုးဒယားသီးစားလေ" ဆိုတဲ့ မခိုးမခန့်လေသံနဲ့ နောက်တစ်လုံးကို ဓားဦးဖျားနဲ့ကော်ပြီးပေးတယ်။

ကျွန်မလည်း စကားနည်းရန်စဲ "မမြည်းတော့ပါဘူး"ဆိုပြီး တစ်ခါတည်းခွဲခိုင်းလိုက်တော့ လူ့အရေပြားထက် နီးတစ်ဖျားသာသာ အမြွှာငါးမြွှာပဲရတယ်။ တစ်မြွှာကို ငွေကျပ်တစ်ထောင်နှုန်းပေ့ါ၊ စိတ်ထဲကသိကအောက်ဖြစ်မိပေမယ့် စားသုံးသူတချို့ဆို ကိုယ့်ထက် ကံဆိုးရှာတယ်။ အလုံးလိုက်ဝယ်လာပြီး အိမ်ကျမှခွဲတာ တစ်မြွှာမှပါမလာလို့ ဖေ့စ်ဘွတ်ခ်ပေါ်တက်ပြီး ရင်ဖွင့်တာ တလောလေးက ဖတ်လိုက်ရတယ်။ ဒီမှာက သူ့အရပ်နဲ့သူ့ဇာတ် ဖြစ်နေတာကြာပြီပဲ။ ဘယ်မှာလဲ စားသုံးသူအခွင့်အရေး။

ဒါကြောင့်မို့လည်း ကိုယ့်နိုင်ငံက ဒူးရင်းသီးတွေက ပြည်တွင်းဈေးကွက်မှာတောင် တဖြည်းဖြည်းနောက်ရောက်လာပြီ။ မကြာမီ နောက်ကောက်ကျတော့မယ်။ အရည်အသွေးအပိုင်းလည်း မမီ၊ ဈေးကိုလည်း မတန်တဆ တင်ရောင်းနေကြတာကိုး။

ကျွန်မကတော့ စိတ်ထဲမှာ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ ဒီလို အတ္တ ပရ မျှမျှတတ ရောင်းဝယ်ဖောက်ကားမှုမရှိတဲ့ဆိုင်တွေ၊ ဈေးနှုန်းကို မတန်တဆတင်ပြီး ထိုက်သင့်သလောက် ဝန်ဆောင်မှုမပြုနိုင်တဲ့ ဈေးဆိုင်တွေကို အားမပေးတော့ဘူးလို့ပေ့ါ။ သက်ဆိုင်ရာတာဝန်ရှိသူအပိုင်းကလည်း ဒီလို အများအကျိုးကို မျက်ကွယ်ပြု၊ အတ္တကို လွန်လွန်ကဲကဲ ရှေ့တန်းတင်နေကြတဲ့ ဝိသမလောဘသားတွေကို ဒီအတိုင်းကြည့်မနေကြပါနဲ့။ စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ထိန်းချုပ်ပေးပါဦး။ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက်ဆိုရင် ဘက်စုံထောင့်စုံ ဘက်ပေါင်းစုံက ညီညီညာညာ၊ အချိတ်အဆက်မိမိ ဆောင်ရွက်မှသာ ဖြစ်မှာလေ။

ကျွန်မလည်း ဈေးသွားရင်းမတ်တတ် မီးဖိုချောင်အရေးကိစ္စကစပြီး နိုင်ငံနဲ့ချီပြီး တွေးမိ ပြောနေမိပြန်ပါပြီ။ နာမည်ကျော် စာရေးဆရာကြီး ဆရာသော်တာဆွေကတော့ နိုင်ငံရေးဟာ မီးဖိုချောင်အရေးတဲ့။ မီးဖိုချောင်ထဲမှာ ငရုတ်၊ ကြက်သွန် တဒုန်းဒုန်းထောင်းပြီး စဉ်းတီတုံးမှာ အသား၊ ငါးတဒုတ်ဒုတ်ခုတ်နေရရင် တို့တိုင်းပြည် စည်ပင်သာယာဝပြောတာပဲလို့ဆိုတယ်။ ဒါကြောင့်မို့ ကုန်ထုတ်လုပ်သူများအနေနဲ့ ကုန်ထုတ်စွမ်းအားတွေ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြသည့်နည်းတူ ရောင်းချသူများအနေနဲ့ကလည်း အတ္တ ပရ မျှမျှတတ ရောင်းဝယ်ဖောက်ကားကြစို့လား။ ။

## ကနီမြို့၌ တန်ဖိုးသင့် စားသောက်ကုန်များ ရောင်းချပေး

ကနီ ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့၌ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် တန်ဖိုးသင့် စားသောက်ကုန်များ ရောင်းချခြင်းကို ဇူလိုင် ၁၃ ရက်က မြို့နယ်စည်ပင်သာယာဈေးလမ်းထောင့်၌ ရောင်းချပေးခဲ့သည်။

ထို့နောက် ပြည်သူများ မည်သူမဆို ဝယ်ယူနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာဈေးထောင့်တွင် တန်ဖိုးသင့်စားသောက်ကုန်များကို ခင်းကျင်းရောင်းချရာ ပြည်သူများ လာရောက်ဝယ်ယူနေကြကြောင်း သိရသည်။

အဆိုပါ တန်ဖိုးသင့်စားသောက်ကုန်များ ရောင်းချခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သွန်နှင့် အာလူးများကို ဒေသပေါက်ဈေးနှုန်းထက် လျှော့၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။ (၁၇၈)

# ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | လက်ခံနိုင်သော | ကောင်းမွန် | |
| | ၂ | ပခုက္ကူမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | စစ်တွေမြို့ | ကောင်းမွန် | | | | | |
| | ၂ | ကျောက်ဖြူမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၃ | သံတွဲမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၃ | လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၄ | ကျိုင်းတုံမြို့ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်   ဇူလိုင်   ၁၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၂ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Soe Min Htun" အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဥတ္တုကျေးရွာနေ စိုးမင်းထွန်းကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ "Zin Ko That" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်စေတနာ(င) ရပ်ကွက်နေ ဇင်ကိုသက်အား ည ၈ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မူဆယ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Watermelon/ Pineapple အလုံး ၉၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းခွဲသားဆိုဒ်စုံ ၀ ဒသမ ၈၅၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၇၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Kia Bongo Pick Up တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး-လားရှိုးကားလမ်း၊ မိုင်တိုင်အမှတ် (၂၁)မိုင် သုံးဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးအား စိစစ်၍ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားခြင်းမရှိသည့် ခါတ်ဘူး ၂၄၇၂ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၁၀၃၈၇)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည်ထက် ပိုမိုပါရှိလာသည့် Iron Round Pipe ၁၀၀၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၇၅၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၄၂၂၅၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် IYA Iya Polyurethane Foam Sealant အထုပ် ၂၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀) နှင့် Kashiwa Multi Function Cooker ၂၈ ခု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၄၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ငါးစီး ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာ ထားခြင်းမရှိသည့် Packing Material Plastic Film ၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ Glossy Paper Sheet 200 GSM ကီလိုဂရမ် ၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၀၀၀,၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ Paper Roll ၇၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း၊ Solar Bulb အလုံး ၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ Brand New Packing Material Plastic Film ၃၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၆၀၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇူလိုင် ၁၁ ရက်တွင် တာဝန်ကျ ပူးပေါင်းအဖွဲ့က ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးအား စိစစ်၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာန မှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nestle Milo ထုပ် ၆၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၀၀၀၀)၊ Rice Stick ၄၀၀ ဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကိုလည်းကောင်း၊ Palm Coconut Gel Syrup ၂၇၅၂ ထုပ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၂၀၀၀၀)၊ Ding Fong Drinks ဘူး ၉၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြည်ခရိုင် ပေါက်ခေါင်း မြို့နယ်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၄၈၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၃၈၄၈၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၄၇၆၀၆၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ကိုးဦး တွေ့ရှိ

**(၁၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၃၇,၂၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၅၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၅၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

✳ *ကျောဖုံးမှ*

လက်ထက် အဲဗာတန်အသင်း၏ ပထမဆုံးခေါ်ယူသည့် ကစားသမား ဖြစ်လာခဲ့သည်။ ၎င်းသည် ဆွစ်ဇာလန်နိုင်ငံ၌ ရာသီအကြို လေ့ကျင့်ရေးလုပ်နေသည့် အဲဗာတန်အသင်းနှင့် ပူးပေါင်းသွားမည် ဖြစ်သည်။

အဲဗာတန်အသင်းသည် ဇန်နဝါရီလတွင် ဘန်လေနည်းပြဟောင်း ဒိုက်ချီကို အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့ပြီး ရာသီပိတ်သိမ်းချိန်တွင် အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ကူညီပေးထားနိုင်သည်။ ယန်းသည် ပြီးခဲ့သည့်နှစ်က အက်စ်တွန်ဗီလာအသင်း၌ ၃၂ ပွဲအပါအဝင် ကလပ်နှင့် နိုင်ငံအသင်းအတွက် ပွဲပေါင်း ၇၀၀ ကျော် ကစားထားသည်။ အခြားသတင်းတစ်ရပ်တွင် အဲဗာတန်အသင်းအနေဖြင့် မန်ယူအသင်းမှ အန်တိုနီအီလန်ဂါကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

အဲဗာတန်အသင်းသည် ဇူလိုင် ၁၄ ရက်တွင် ဆွစ်ဇာလန်ကလပ် စတာဒီနိုင်ယွန်နိစ်နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ တရားမဝင် သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းနှင့်အခြားဓာတုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ တရားမဝင်သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အဝင်တိုးဂိတ်တွင် တောင်ကြီးမှ လွိုင်လင်ဘက်သို့ ဝေယံမြင့်သူ(ခ)မောင်မောင်မောင်းနှင်ပြီး အောင်မင်းသူ(ခ)အောင်ငဲလေး လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်၊ ငြိမ်းထိုက်စံ မောင်းနှင်ပြီး သီဟကိုကို လိုက်ပါလာသော ၂၂ ဘီး တွဲယာဉ်၊ ဇင်ဝင်းထွေးမောင်းနှင်ပြီး လင်းထက်ဇော် လိုက်ပါလာသည့် ၂၂ ဘီး တွဲယာဉ်နှင့် အေးမင်းအောင် မောင်းနှင်ပြီး အာကာဦး လိုက်ပါလာသော ၂၂ ဘီးတွဲယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါတွဲယာဉ်လေးစီးဖြင့်တရားမဝင်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း Hydrochloric Acid ၂၂၀၄၀ လီတာ၊ Sulphuric Acid ၁၂၀၀၀ လီတာနှင့် အခြားဓာတုပစ္စည်း Dichloromethane Acid ၂၆၇၂၀ လီတာ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်



သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဓာတုပစ္စည်းများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ စစ်ငြိမ်းထွန်းနှင့် ရဲလင်းထက်တို့ကို လွိုင်လင်မြို့အထွက်တွင် TOYOTA ALPHARD ယာဉ်နှင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် မင်းမင်းသက်နိုင်(ခ)ကိုမင်း၊ ရဲထွန်းသိန်း(ခ)ထွန်းထွန်းနှင့် နေမျိုးလင်း(ခ)ကိုလတ် တို့ကို နမ့်စန်မြို့ ရပ်ကွက်(၄)တွင် TOYOTA WISH ယာဉ်နှင့်လည်းကောင်း၊ ည ၁၀ နာရီခွဲတွင် မျိုးခင် ကို ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် နေကြာလမ်းရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း အသီးသီးဆက်လက်ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများကို ရန်ကုန်မှ နမ့်စန်သို့ သယ်ဆောင်၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ ၁၄ ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲနှင့် လွဲချော်

ရန်ကုန် ဇူလိုင် ၁၃

၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း အချိန်ပိုတွင် အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ထိုင်းအသင်းက အိမ်ရှင်အင်ဒိုနီးရှားအသင်းကို ခုနစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ရေး အကောင်းဆုံးကြိုးစားခဲ့သော်လည်း အချိန်ပိုတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် ချေပဂိုးနှင့် အချိန်ပိုတွင် အနိုင်ဂိုးပေးလိုက်ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲအစရှစ်မိနစ်မှာပင် မြန်မာအသင်း ဂိုးစတင်ရရှိပြီး ယဉ်လွန်းအိမ်က သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် ဗီယက်နမ်အသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း မြန်မာအသင်း ခံစစ်အမှားမရှိအောင် ကစားနိုင်ခဲ့သည်။ သို့သော် ပထမပိုင်းပြီးခါနီးတွင် ချေပဂိုးပေးလိုက်ရပြီး ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။အချိန်ပို ပထမပိုင်းပြီးခါနီးတွင် ဗီယက်နမ်အသင်း အနိုင်ဂိုးရခဲ့ပြီး ယင်းဂိုးကို ပွဲပြီးသည်အထိ ထိန်းကစားခဲ့သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် အိမ်ရှင်အင်ဒိုနီးရှား၊ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# Atom နှင့် MAI တို့ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၁၃

တယ်လီကွန်းဆက်သွယ်ရေးကုမ္ပဏီအက်တမ်(Atom)နှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) တို့အကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုအား ဇူလိုင် ၁၂ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ Cabin 88–Restarurant ၌ ကျင်းပသည်။

ယင်းသို့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် MAI ၏ လုပ်ငန်းလည်ပတ်မှုများအတွက် တယ်လီကွန်းဆက်သွယ်ရေးဝန်ဆောင်မှုများကို အက်တမ်မှ ပံ့ပိုးပေးမည်ဖြစ်သည်။

"တယ်လီကွန်းကဏ္ဍအတွက် ကျွန်တော်တို့ရဲ့ ကျွမ်းကျင်မှုတွေနဲ့ MAI ရဲ့ ကျယ်ပြန့်တဲ့ ကွန်ရက်နဲ့ customer ဝန်ဆောင်မှုတွေကို ပေါင်းစပ်လိုက်တဲ့အခါ customer တွေက ဝန်ဆောင်မှုတွေကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းတွေနဲ့ ခရီးသွားတွေကို ချောမွေ့တဲ့ ကွန်ရက်ချိတ်ဆက်မှုနဲ့က Beyond Better ဒစ်ဂျစ်တယ်အတွေ့အကြုံတွေကို ပေးအပ်နိုင်ဖို့ စီးပွားရေးဆိုင်ရာ ဖြေရှင်းချက်တွေနဲ့ roaming ဝန်ဆောင်မှုတွေကို ပေးအပ်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု အက်တမ်(Atom) ၏ အမှုဆောင်အရာရှိချုပ် Mr.Muhammad Ziaullah Siddiqui က ပြောသည်။

"ဒီမိတ်ဖက်ပူးပေါင်းမှုကနေတစ်ဆင့် ဆက်သွယ်ရေးကဏ္ဍနဲ့ လေကြောင်းသယ်ယူပို့ဆောင်ရေး ကဏ္ဍတွေရဲ့ အကောင်းဆုံးဆိုတဲ့ အရာတွေကို စီးပွားရေးလုပ်ငန်း အပြန်အလှန်အကျိုးရှိရှိနဲ့ နှစ်ဦးနှစ်ဖက်လုံး အသုံးချနိုင်လိမ့်မယ်လို့ ယူဆပါတယ် "ဟု MAI ၏ စီးပွားရေးအရာရှိချုပ် Tanes Kumar က ပြောသည်။ MAI သည် နိုင်ငံအတွင်းဈေးကွက်၏ ၄၈ ရာခိုင်နှုန်းနှင့် Air KBZ နှင့်အတူ မြန်မာနိုင်ငံတွင်ဦးဆောင်နေသော ထိပ်တန်းလေကြောင်းလိုင်းဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# သာယာဝတီမြို့နယ်၌ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

သာယာဝတီ ဇူလိုင် ၁၃

သာယာဝတီမြို့နယ်အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက ဈေးရပ်ကွက်ရှိ ဈေးလမ်း၌ ရောင်းချပေးခဲ့သည်။

ယင်းသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ စားကုန်များနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ပြည်သူများအား ဈေးနှုန်းသက်သာစွာရောင်းချပေးလျက်ရှိသည်။ အဆိုပါရောင်းချရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၈၀ ကျပ် | ၂၁၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၆၀ ကျပ် | ၂၂၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၅၀ ကျပ် | ၂၀၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၅ ကျပ် | ၂၂၁၅ ကျပ် |

